

မောင်စိန်ဝင်း
မှားခြစ်သွားတဲ့
မြစ်

'ကိုယ်ကျင့်တရား'နဲ့
'ရဲရင့်ခြင်း'ဆိုတဲ့ ကမ်းနှစ်ဘက်ကြားက
'အမှန်တရား'ဆိုတဲ့ ပင်လယ်ဆီကို
စီးဆင်းနေတဲ့မြစ်တွေ
အများကြီးရှိတယ်။

## [အပိုင်း - တစ်]

ဝေးလျှင် မေ့သွားမည် ထင်လေသလား မသိ။ နှလုံးသား၏ ခံစားမှုများစွာသည် သဲသောင်ပေါ်က ခြေရာမဟုတ်။ ခွဲခွာခြင်းလှိုင်းပုတ်ရုံဖြင့် ပျောက်ပျက်သွားရိုး ထုံးစံမရှိ။

ခရေပန်းတောင်မှ နွမ်းရုံနှင့်၊ ရနံ့မပြယ်။ ဘယ်လောက် အခြေခံရ ခံရ အရွက်ကျရာက အပင်ပေါက်နိုင်တဲ့ ရွက်ကျပင်ပေါက်တွေ ရှိနေရဲ့။ မပျောက်လွယ် မပျက်လွယ်တဲ့ အရာတွေ လောကမှာ များစွာရှိကြောင်းကို ညီ မသိလေသလား။

ကျွမ်းဝင်ရင်းနှီးထားသမျှသည် ယာယီ တိမ်မဖြစ်။
ကောင်းကင်ပြာသာ ဖြစ်နေခဲ့သည်။
ခံစားနားလည်ခဲ့သမျှသည် ရေခိုးရေငွေ့ မဟုတ်။
သမုဒ္ဒရာတစ်ခုသာ ဖြစ်နေခဲ့သည်။

အားမာန်သစ်စာပေ

ဒါတွေကို ညီ သိလျှက် မသိဟန် ပြုလေသလား၊

မြို့ထဲကအပြန်မှာ စာအုပ်ဆိုင်ဝင်ပြီး လဆန်းရက် ထွက်သမျှ မဂ္ဂဇင်းတွေ ကြည့်ဖြစ်သည်။ ညီခော်ထွန်းဆိုသည့် ကလောင်အမည်ကို တွေ့တော့ ရင်ထဲမှာ လှုပ်ခတ်သည်၊ အာရုံမှာ ကိုညီမျက်နှာက ဖျတ်ခနဲထင်သည်။ စာအုပ်ကိုလှန် ပြီး ကိုညီကဗျာကို ဖတ်ဖြစ်ပြန်၏။ စာရွက်တွေကို လှန်နေ သည့် လက်ဖျားတွေက တုန်ချင်ပြီ။ ကဗျာကိုဖတ်ရန် ကိုညီ နှလုံးသားကို မြင်နေရသလို။ မဂ္ဂဇင်းစာအုပ်ကိုဝယ်ပြီး ဆိုင် ထဲက ပြန်ထွက်လာခဲ့သည်အထိ ကိုညီကို သတိရစိတ်က ရင်ထဲမှာ ပျံ့နေဆဲ။

ဆွေဆွေဦးကိုတွေ့တော့ မဂ္ဂဇင်းစာအုပ်ကို လှမ်းပေး လိုက်၏။ ဆွေဆွေဦးက နားမလည်သလို မျက်နှာကိုကြည့် သည်။

'အဲဒီအထဲမှာ ကိုညီကဗျာတွေ့လို့ ဝယ်လာခဲ့တာ မဆွေ'

ဆိုတော့မှ ဆွေဆွေဦးက စာအုပ်လှန်ပြီး ကဗျာကို ရှာသည်။

'အဲဒီကဗျာဖတ်ပြီးတော့ ကိုညီကို ဒါလိ နားလည် သွားသလိုပဲ မဆွေရယ်'





ဆွေဆွေဦးက မျက်လွှာပင့်ကြည့်သည်။ ပြီးတော့မှာ ကဗျာကို ငုံ့ဖတ်နေလိုက်၏။ မဆွေနှင့်အတူ ယှဉ်ထိုင်ရင်း ကဗျာကို ဖတ်မိပြန်ပြီပဲ။

ခေါင်းစဉ်က 'ချစ်ခြင်း၌....'တဲ့။

■

- ကစားရောမှ မဟုတ်ဘဲကွယ်
  ဘယ်သူကများ
  ကိုယ့်နှလုံးသားကိုယ် မီးရှို့ကာ
  ဘယ်သူ့ကို အပူတိုက်သွင်းချင်ပါ့။
- ကစားရောမှ မဟုတ်ဘဲကွယ်
  ဘယ်သူကများ
  ကိုယ့်မာနတရားကိုယ်အခါတင်
  ဘယ်သူ့ကို ငါးလို ဟပ်စေချင်ပါ့။
- ကစားရောမှ မဟုတ်ဘဲကွယ်
  ပင်လယ်လို အပူ၏
  နှလုံးသားအစျေးပြန်ပြီးမှ မိုးတိမ်ပွဲ့
  အလွမ်းမိုးစက်တွေနဲ့ ခွတ်မို
  ဘယ်သူ့ကို အငိုနိုင်းချင်ပါ့...။
- ကစားရောမှ မဟုတ်တာဘဲကွယ်...

..................................

..................................

ကစားစရာမှ မဟုတ်တာဘဲကွယ်ဆိုပြီး ဘာကြောင့် ကစားခံရသလို ကျန့်ရစ်အောင် လုပ်သွားခဲ့ရတာလဲကွယ်ဟု ရင်ထဲမှာ ဆိုဖြစ်ပြန့်၏။

■



(၁)

ဒုတိယနှစ်ကို သူမ တက်တော့ သူငယ်ချင်းတွေရှိရာ အပြင်ဆောင်တွေမှာ အနေများလာခဲ့သည်။ အစ်မလုပ်သူက နိုင်ငံခြားထွက်သွားပြီး ဟိုမှာ အပြီးနေဖြစ်သွားပြီဆိုတော့ မြဒါလီက အလိုလိုပင် တစ်ဦးတည်းသောသမီး ဖြစ်သွားတော့၏။ ဒက်ဒီနှင့် မာမီတို့က လုပ်ငန်းကိုယ်စီနှင့် လုပ်ငန်းခွင်တွေထဲမှာ အချိန်တွေ မြှုပ်နှံထားကြသူတွေမို့ သူမဘဝက အထီးကျန်လွန်းသည်။

ပထမနှစ်တုန်းက ရင်းနှီးခဲ့သော သူငယ်ချင်းတွေက နယ်မှ လာတက်ကြသူများသည်။ သူတို့နှင့် ရင်းနှီးတော့ သူတို့နေသည့်အဆောင်ကို မြဒါလီ ရောက်ဖြစ်သည်။ ဒုတိယ

နှစ်တက်စဉ်မှာတော့ ခင်မင်ရင်းနှီးအတွဲဖြစ်ခဲ့သော ဆွေဆွေဦး နှင့် ပိုမိုချစ်ခင် သွားကြကာ ဆွေဆွေဦးအဆောင်မှာ သူမက လိုက်အိပ်လိုက်၊ ဆွေဆွေဦးက သူမအိမ်မှာ လိုက်အိပ်လိုက် နှင့် ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားတော့သည်။

မဆွေနှင့် ပတ်သက်ပြီး ကိုမြင့်ဝေကို ရင်းနှီးခွင့်ရခဲ့ပြန်သည်။ မဆွေနှင့်ကိုမြင့်ဝေတို့က တက္ကသိုလ်ချင်း မတူကြသော်လည်း တစ်မြို့တည်းသား၊ ချစ်သူရည်းစားတွေ။ နှစ်ဖက်မိဘတွေက သဘောတူထားကြပြီး မဆွေ ဘွဲ့ရပြီးလျှင် လက်ထပ်ကြမည့်သူတွေ။

စနေ၊ တနင်္ဂနွေ ပိတ်ရက်မျိုးမှာ သူမ မဆွေအဆောင်ကိုရောက်တိုင်း ကိုမြင့်ဝေနှင့် ဆုံတတ်သည်။ သူတို့သုံးဦး အင်းလျားမှာ ဘူးသီးကြော် သွားစားချင်စား၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်ချင်ထိုင်၊ ပျော်မောရွှင်ပြုံးစွာ စကားဝိုင်းဖွဲ့ဖြစ်ခဲ့ကြသည်ပဲ။

သည်နေ့တော့ မဆွေအဆောင်မှာ အိပ်ဖို့ အိမ်က ပြောလာခဲ့သည်။ စာကူးစရာတွေကူးမည်ဟု ကြံတင် စဉ်းစားခဲ့မိ၏။ နောက်နေ့မနက်မှာတော့ ကိုမြင့်ဝေ ရောက်လာခဲ့သည်။ ဒီတစ်ခေါက်မှာတော့ ကိုမြင့်ဝေ တစ်ဦးတည်း မဟုတ်။





သူ့ သူငယ်ချင်း ပါလာခဲ့သည်။

သည်မှာ မြဒါလီ၏ဘဝထဲသို့ ညီဇော်ထွန်း ရောက်လာခဲ့ခြင်းပင်။

*

ရေမိုးချိုး၊ သနပ်ခါးလိမ်းထားပြီး ဈေးဘက် ခဏလျှောက်မည်ဟု ပြင်နေချိန်မှာ ကိုမြင့်ဝေ ရောက်လာခဲ့ခြင်းပင်။

'နင် သွားစရာရှိတာ သွားတော့ မဆွေရာ၊ ငါ စာကူးရင်း အဆောင်မှာပဲ ကျန်ခဲ့မယ်'

'ဘယ်ရမလဲ ဒါလီ… အစုနကပဲ နင် ဈေးဘက် သွားချင်တယ်ဆို'

'ငါက ကန့်လန့် ကန့်လန့်နဲ့ ကိုမြင့်ဝေကြီးက ငါ့ကို အမြင်ကတ်နေမှာ'

'အံမယ်… မလိုက်ချင် တစ်မျိုး၊ လိုက်ချင်ရင် တစ်မျိုးနော်၊ မရဘူး၊ လိုက်ခဲ့'

ငြင်းနေလျှင်လည်း ရတော့မည် မဟုတ်မှန်း သိလိုက်၏။ မှန်ရှေ့မှာရပ်ရင်း မျက်နှာကို ကရင်ပတ်ဖြင့် ဟိုတို့၊

ဒီတို့ လုပ်နေသော မဆွေကို မြင်သည်။ စားပွဲပေါ်က နှုတ်ခမ်းနီတောင့်ကိုယူပြီး မဆွေ နှုတ်ခမ်းဆိုးတော့ ချစ်သူနဲ့တွေ့ရတော့မှာဆိုတော့ လှချင်မှာပေါ့လေဟု မြဒါလီက တွေးဖြစ်သေးသည်။

လုံချည်ကို ဆန့်ဆန့်ရန့်ရန့်ဖြစ်အောင် ပြင်ရင်း ဝတ်ထားသော ဘလောက်စ်ပွပွကို ဆွဲချသည်။

'ရော့… နှုတ်ခမ်းနီ'

'မဆိုးပါဘူး'

မဆွေ လှမ်းပေးသော နှုတ်ခမ်းနီကို မယူမိ။ မဆွေက နှုတ်ခမ်းနီတောင့်ကို စားပွဲပေါ် ပြန်တင်ရင်း…

'ချစ်ရမယ့်သူ မရှိတော့လည်း အလှ မပြင်ချင်သေးဘူးပေါ့ဟယ်'

တစ်ကိုယ်တည်း ပြောသလို ပြောသံကို ကြားရသည်။

မြဒါလီက ဘာမှ ပြန်မပြောလိုက်မိ။ အခန်းတံခါးပိတ်ပြီး အဆောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။ အဆောင်ခန်းထဲကို အကြည့်ရောက်စဉ် ကိုမြင့်ဝေကို မတွေ့။ ဒါတိုင်းဆိုလျှင် အဆောင်ဝင်းထဲမှာ ရပ်စောင့်နေသော ကိုမြင့်ဝေ





အဆောင်ပေါ်မှ ဆင်းလာသည်နှင့် တွေ့နေကျလေ။

'ဟော… ဟိုအပြင်ဘက်မှာ'

အဆောင်ရှေ့ လမ်းမဘေးမှာ ရပ်ထားသည့် ကားတစ်စီးအနီး ရပ်နေသော ကိုမြင့်ဝေကို မြင်ရင်း မဆွေနှုတ်မှ ထွက်၏။ ကားဘေးမှ လူတစ်ယောက်နှင့် ရယ်ပြီး စကားပြောနေတာ တွေ့သည်။ အဆောင်ဝင်းအပြင် ထွက်လိုက်ကြ၏။

'ဒါလီ… ရောက်နေတာပဲ'

အနားရောက်လာတော့ ကိုမြင့်ဝေက နှုတ်ဆက်ရင်း ပြုံးပြသည်။

'ဘာလဲ… ကိုမြင့်ဝေကြီးက ဒီနေ့တော့ ဒါလီ မရောက်လောက်ဘူး ထင်ပြီး စောစော လာတာလား'

ရင်းနှီးနေသူချင်းမို့ ပြန်စလိုက်၏။

'မထင်ပါဘူးဗျာ၊ ဒါလီ ရောက်ချင်ရောက်နေမှာပဲ ထင်ပြီး သူငယ်ချင်းကိုတောင် ခေါ်လာခဲ့သေးတာ'

'ဟာဗျာ… ကိုမြင့်ဝေကြီးကလည်း'

ကိုမြင့်ဝေစကားကြောင့် ရှက်စိတ်ဝင်သည်။ ပါးနှစ်ဖက်မှာ သွေးရောင်လွှမ်းသွားတော့မည်ပဲ သိ၏။ အကြည့်ကိုလွှဲကာ ခေါင်းကိုငုံ့ပစ်မိသည်။ ကိုမြင့်ဝေသူငယ်ချင်းကလည်း

အားနာဟန် ခေါင်းငုံ့လိုက်တာ ရုတ်တရက် တွေ့၏။

'ကောင်းတယ်၊ ကောင်းတယ်'

ဟု မဆွေက ရယ်ရင်း ကောင်းချီးပေးနေပြန်တော့ ရှက်ပြီး မဆွေပခုံးကို ဖွဖွထုနေလိုက်မိသည်။

'အလကားစတာပါ ဒါလီရာ၊ နင်ကလည်း ရှက်နေပြန်ပြီ၊ ဒီလောက်စွာတဲ့ကလေး ဒါမျိုးကျတော့ ရှက်နေတယ်'

ကိုမြင့်ဝေက သူမကို ချော့ရင်း စကားကိုဖြေပြောသည်။ ဘာမှ ပြန်မပြောမိဘဲ ပြုံးနေလိုက်မိ၏။

'မဆွေ နေကောင်းတယ်နော်'

ကိုမြင့်ဝေနှင့်ပါလာသော သူငယ်ချင်းက စကားလွှဲရင်း မဆွေကို နှုတ်ဆက်လိုက်၏။ မဆွေနှင့် ရင်းနှီးသူပါလားဟု သူမ အံ့ဩရပြန်သည်။

'ဒါလီ… မိတ်ဆက်ပေးရဦးမယ်၊ မဆွေနဲ့ကတော့ သုံးလေးခါလောက် ဆုံဖူးတယ်၊ ညီဇော်ထွန်း… တဲ့၊ ကိုယ်နဲ့ တစ်တန်းတည်းပလေ၊ နောက်ဆုံးနှစ်'

'ဟုတ်ကဲ့'

သူမက ခေါင်းညိတ် အသိအမှတ်ပြုရင်း ပြုံးပြလိုက်သည်။





'ညီညီ… ဒါ မဆွေရဲ့ အချစ်ဆုံးသူငယ်ချင်း… မြဒါလီတဲ့…၊ ဒါလီပေါ့ကွာ၊ သူတို့က ညီအစ်မလို ချစ်ကြတာ'

'တွေ့ရတာ ဝမ်းသာပါတယ်'

မျက်နှာက မချိုသလို၊ အသံကလည်း အသံပြတ်။ စက်ထန်သည် မဟုတ်သော်ငြား ပျော့ပျောင်းညင်သာသည့် လေသံမဟုတ်ဟု သူမ သတိထားဖြစ်သည်။

'ကဲ… လာ မဆွေ၊ ဒီကောင့်ကားပါတုန်း တစ်ခုခု သွားစားကြရအောင်'

ကားနှင့်ဆိုတော့ နယ်က မဖြစ်နိုင်။ သူမလိုပင် ရန်ကုန်ကပဲဟု မြဒါလီ အတွေးရောက်၏။ မဆွေနှင့် သူမက ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

'ဒါလီရေ… ဒီကောင်ကလည်း နင့်လိုပဲ အိမ်မှာ မနေချင်လို့ဆိုပြီး ကိုယ့်အခန်းမှာချည်း ရောက်နေတဲ့ ကောင်လေ'

ကားပေါ်ရောက်တော့ ကိုမြင့်ဝေက နောက်လှည့်ကြည့်ရင်း ပြောလိုက်၏။ ဘေးတိုက်မြင်နေသော မျက်နှာဆီ မှတ်ခနဲ အကြည့်ရောက်သည်။ ရှေ့တူရူကြည့်ရင်း ကားမောင်း

နေသော မျက်နှာက မရယ်မပြုံး။ သူ့အကြောင်းပြောနေတာပါလားဟုပင် သတိမထားမိသလို။

*

'ဘယ်မောင်းရမလဲ မြင့်ဝေ'

မကြည့်ဘဲမေးလိုက်သံကို ကြားရသည်။

'အင်းလျားကဆိုင်တွေကိုပဲ သွားရအောင်'

ဟု မဆွေက နောက်မှ လှမ်းပြောလိုက်၏။ ငါတို့ထိုင်နေကျဆိုင်ကိုပဲ မောင်းကွာဟု ကိုမြင့်ဝေက ထပ်ပြောသည်။ သူ့ထံမှ ဘာစကားမျှ ထပ်ပြီး ထွက်မလာ။

ဆိုင်ရှေ့မှာ ကားရပ်ပြီးဆင်းတော့ ကိုမြင့်ဝေနှင့် မဆွေတို့က ရှေ့မှလျှောက်သည်။ သူမက သူနှင့်အတူ ယှဉ်ပြီးလျှောက်မိသလို ဖြစ်သည်။ စကားတစ်ခွန်းမှ မဆိုတော့ အလိုလိုနေရင်း အနေရကျပ်လာတော့၏။ ဘယ်လိုလူပါလိမ့်ဟု တွေးမိပြန်သည်။

'ကိုညီဇော်ထွန်းက ကျောင်းပြီးရင် အလုပ်ဝင်လုပ်မှာပေါ့နော်'

ဆိုင်ထဲဝင်ခါနီးမှာ သူမက စကားစလိုက်သည်။ ဆိုင်





ထဲကလူတွေ သူတို့ဝင်လာတာကို လှမ်းကြည့်နေတာ သတိထားဖြစ်၏။ မဆွေနှင့် ကိုမြင့်ဝေတို့ကတော့ စကားပြောရင်း ရှေ့မှ ဝင်သွားကြပြီ။ သူတို့နှစ်ဦးက စကားမဆို၊ မျက်နှာတည်တင်းတင်းတွေနှင့် ဆိုင်ထဲဝင်လာကြတာ မြင်ရသူတွေ သတိထားမိစရာ ဖြစ်မည်ပဲတွေးရင်း သူမက စကားစလိုက်ခြင်းပင်။

'မသိသေးပါဘူး၊ ကျွန်တော့်အိမ်က သဘော ဖြစ်မှာပါပဲ'

သူမကို မကြည့်ဘဲ ပြောသံကို ကြားလိုက်ရ၏။

'လာ… ဒါလီ၊ လာဟေ့… ကိုညီ'

ကိုမြင့်ဝေက ထိုင်ရင်း လှမ်းခေါ်သည်။ ကန်ရေပြင်နှင့် ကပ်လျက် စားပွဲမှာ ဝင်ထိုင်လိုက်ကြ၏။ သူမနှင့်သူက စားပွဲမှာ ထိုင်တော့လည်း ကပ်လျက်အနေအထား ဖြစ်နေပြန်သည်။ ကန်ရေပြင်ကို လှမ်းငေးကြည့်ချင်သဖြင့် သူမ ယူလိုက်သည့်နေရာသည် စားပွဲထိပ်မှာ ထိုင်လိုက်သော သူ့နေရာနှင့် ကပ်လျက် ဖြစ်သွား၏။

'ဘာစားကြမလဲ'

'ထမင်းပေါင်း စားမယ်'

သူမက ဖြေလိုက်၏။

'မဆွေတို့တော့ ထမင်းကြော် စားရအောင်နော်'

မဆွေက ကိုမြင့်ဝေကို ပြောတော့ ကိုမြင့်ဝေက ခေါင်းညိတ်ပြသည်။

'ကိုညီ… ဘာစားမလဲ'

'ကျွန်တော် ဘာမှ မစားဘူး မဆွေ'

'ဟာ… ကိုညီကလည်း တစ်ခုခုစားမှပေါ့၊ မဆွေ ကျွေးမှာပါ'

သူက ပြုံးသည်။ ပြုံးလိုက်တော့ မျက်နှာက ချိုသွားသလိုပါလားဟု သူမက သတိထားလိုက်မိပြန်၏။

'မဟုတ်ဘူး မဆွေ၊ ကျွန်တော် ဒီနေ့ အိမ်ကိုပြန်ရမှာ ဒီကောင် အတင်းခေါ်လို့ လိုက်လာခဲ့တာ'

ကိုမြင့်ဝေကို မေးငေါ့ပြရင်း ပြောသည်။

'အိမ်ပြန်တော့လည်း ဘာဖြစ်လဲ၊ တစ်ခုခု စားပါ'

သူမက မနေနိုင်တော့ဘဲ ခပ်ပြောလိုက်၏။

'အိမ်ရောက်ရင် ကျွန်တော် အိမ်မှာ ထမင်းစားရမှာ ထမင်း မစားရင် မေမေက ကြိုက်မှာ မဟုတ်ဘူး'

သူ့စကားကြောင့် အံ့ဩသလို ဖြစ်သွားရသည်။ ဦး





တော့ စိတ်ထဲရှိတာကို အမှန်အတိုင်း ပြောလိုက်တာကလည်း အထူးအဆန်းတစ်ခုကို ကြားလိုက်ရသလို။ တကယ်ဆို မဆာလို့၊ နေသိပ်မကောင်းလို့ တစ်ခုခုကို ညာပြီး ပြောတတ်ကြတာပါပဲ။ အခုတော့ သူ့စကားက ရိုးသားစွာ နှုတ်မှ ထွက်လာခဲ့သည်ပဲ။

'ကိုညီခေါ်ထွန်းကလည်း ကလေးလေး ကျနေတာပဲ'

သူမနှုတ်မှ ရုတ်တရက် ထွက်သွားတော့၏။

မဆွေနှင့် ကိုမြင့်ဝေက သူမစကားကြောင့် ရယ်သည်။

'ကောင်းတယ်၊ ဒါလီနဲ့တွေ့မှပဲ ဒါလီ သူ့ကို မဆွေခေါ်သလိုပဲ ကိုညီလို့ ခေါ်ပါဟ၊ သူကတော့ နင်ဘယ်လိုခေါ်ခေါ် ဘာမှပြောမယ့်ကောင် မဟုတ်ဘူး'

'ကျွန်တော့်ကို အိမ်က ကလေးလို သဘောထားသလားတော့ မသိဘူး၊ ကျွန်တော်ကတော့ အိမ်က မကြိုက်တာ ဘာမှ မလုပ်ဖြစ်အောင် ကြိုးစားတာ အမှန်ပဲဗျ'

စိတ်ထဲမှာ ရှင်းပြီး စိတ်ထဲရှိသည့်အတိုင်း ပြောတတ်သူပါလားဟု သူမ သတိထားဖြစ်ပြန်သည်။

'ဒါဆို တစ်ခုခု သောက်'

'လက်ဖက်ရည်သောက်မယ်၊ ချိုပေါ့ကျတစ်ခွက်'

အနားရောက်လာသည့် စားပွဲထိုးကလေးကို တစ်ခါ တည်း မှာလိုက်၏။ ပြီးတော့ အင်္ကျီအိတ်ထဲက စီးကရက်ဘူး ကိုထုတ်ပြီး တစ်လိပ်ယူသည်။

'တက္ကသိုလ်ရောက်ပြီးမှ ဆေးလိပ်သောက်တတ်တာ၊ အစက အိမ်မှာ ကျွန်တော် နိုးနိုးသောက်ရတယ်၊ အနံ့မရအောင်လို့ ပူရှိန်းတွေဘာတွေ စားရတယ်ဗျ၊ နောက်တော့ မေမေက မိသွားပြီး နိုးသောက်ရင်း မီးတွေဘာတွေ လောင်မှာ စိုးရတယ်ဆိုပြီး သောက် ခွင့်ပေးတာ'

ပြောအပြီးမှာ စီးကရက် မီးညှိပြီး ဖွာသည်။

'ဆေးလိပ်သောက်တာတော့ မိဘကလည်း ကြိုက်မှာ မဟုတ်ပါဘူး'

ဒါလီက စကားဖြတ်ရင်း မျက်နှာကို ကြည့်သည်။

'ဟုတ်တယ်၊ ဘယ်ကြိုက်မလဲ၊ ဒါပေမဲ့ ကျွန်တော် က စီးကရက်ကို ကြိုက်သွားတယ်။ မေမေက မသောက်နဲ့ပြောတော့ ကျွန်တော် အပြင်မှာ သောက်





မိမှာပဲ၊ မေမေတို့ရှေ့မှာ မသောက်ဘဲ နေပေါ့မယ်ပြော လိုက်တယ်၊ ဖြတ်လို့ မရဘူးလားတဲ့။ မရဘူး မေမေ ကျွန်တော် စွဲသွားပြီဆိုတော့ မေမေက သနားသွား တယ် ထင်ပါရဲ့၊ သောက်ခွင့် ပေးလိုက်တယ်လေ'

စကားပြောနေစဉ် အကြည့် ဆုံဖြစ်သည်။ သူ့မျက် ဝန်းတွေထဲမှာတော့ နူးညံ့မှုတွေကို တွေ့ရသလိုပင်။

■

# (၂)

'ကိုညီကိုကြည့်ရတာ တစ်မျိုးပဲနော်၊ စာအုပ်တွေထဲမှာ ဖတ်ဖူးတဲ့ ပရော်ဘလင်ချိုင်း(လ်)ဆိုတာမျိုး ဖြစ်နေမလားပဲ၊ သူ ငယ်ငယ်တုန်းက ထိထိခိုက်ခိုက် ခံစားလိုက်ရတာ ကြုံလိုက်ရတာမျိုးပေါ့၊ ဘယ်လို ပြောရမှန်း မသိဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲ မဆွေ' စာကူးပြီး စားပွဲမှထရပ်ရင်း ပက်လက်လှန် စာဖတ်နေသော မဆွေကို လှမ်းပြောလိုက်၏။

'ဘာလဲ… ဒါလီ၊ ကိုညီကို အတွေးထဲက မထွက်တော့ဘူးလား'

'အမှန်ပဲ မဆွေ'





'ဟယ်… မလွန်ဘူးလား'

'နေဦးလေ… စကားဆုံးအောင် နားထောင်ပါဦး၊ ဒါလီ့မှာ ယောက်ျားလေးသူငယ်ချင်းတွေ အများကြီး ဆိုတာ မဆွေ အသိပဲ'

'ကြိုက်တဲ့သူ၊ ချစ်ရေးဆိုတဲ့သူတွေလည်း အပြည့်ပဲ'

'ဆက်ပြောလေ'

'ဒါလီ ပြောချင်တာက အဲဒီယောက်ျားတွေ အများကြီးနဲ့ မတူတာပဲ၊ အေးစက်စက်လိုလို၊ မဖော်ရွေသလို၊ မာနကြီးသလိုပဲ။ ဒါပေမဲ့ အဲဒီလိုလည်း မဟုတ်ဘူး၊ သူ့မျက်လုံးတွေမှာ အဲဒါတွေ မတွေ့ရဘူး၊ ရင်ထဲမှာ ရှင်းတယ်၊ စိတ်ထဲရှင်းတော့ သူ့စကားကလည်း ရှင်းတယ်'

'တစ်ခါတွေ့ရုံနဲ့ ရင်ထဲအထိ လှမ်းမြင်နေရပြီလား ဒါလီ'

မဆွေရှိရာ ခုတင်ပေါ်သို့ ဝင်ထိုင်လိုက်ရင်းက ဘာမှ ပြန်မပြောမိ။ နှစ်ယောက်ခန်းကို တစ်ယောက်တည်း လစာပေးထားသည်မို့ အခန်းက လွတ်လပ်နေသည်။

'ကိုမြင့်ဝေကိုတော့ အတော်ခင်ပုံရတယ်၊ သူလည်း

စာကျက်မယ်ပြောပြီး ကိုမြင့်ဝေအခန်းမှာ လာလာ နေတယ်တဲ့'

'အင်း… ဒါလီ ဒါကြောင့် စိတ်ဝင်စားမိတာလည်း ပါတယ်'

'အံမယ် … ဘာဆိုင်လို့လဲ'

'မဆွေ စဉ်းစားကြည့်၊ ဒါလီ့ကိုကြည့်ရင် အားလုံး ပြည့်စုံပြီး ပျော်စရာတွေချည်းပဲ ထင်ချင်ထင်မှာ မဆွေ သိပါတယ်။ မမကြီးက ဟိုနိုင်ငံသား ဖြ သွားပြီ၊ ဒီကို ပြန်လာမှာ မဟုတ်တော့ဘူး။ မေမေ လည်း သူ့စီးပွားရေးပဲ သူ စိတ်ဝင်စားတာ၊ သ လုပ်ငန်းကလွဲပြီး ဘာမှ ဂရုမစိုက်ဘူး။ ဖေဖေ တော့ကော ဘာထူးလဲ။ သူ့ကုမ္ပဏီကိစ္စတွေ၊ သ အပျော်တွဲနေတဲ့ ကောင်မလေးတွေ၊ ဒါတွေနဲ့ လုံးချ လိုက်နေတာလေ။ ဒါလီတစ်ယောက်တည်း ဘ လောက် အထီးကျန်ဆန်သလဲ။ ကိုညီကလည်း အဲ လို ဖြစ်ချင်ဖြစ်နေမှာပေ့ါ။ အဲဒီလိုတွေးမိပြီး ကို ချင်းစာစိတ်နဲ့ စိတ်ဝင်စားတာပါ မဆွေ'

'တော်ပါ၊ ဘာနဲ့ဖုံးဖုံး မလုံဘူး ဒါလီ'





'ဒါလီ မဖုံးပါဘူး မဆွေ၊ ဒါလီ စိတ်ဝင်စားလို့ သူ့အကြောင်း ပြောနေမိတာပေါ့'

'ကိုညီက ချောလည်း ချောပါတယ်'

'မဲင်းလီးဖြစ်တာပါ၊ ချောတာဆို ဒါလီ စိတ်ဝင်စား မှာ မဟုတ်ဘူး'

'ဟုတ်ပါပြီ၊ ယောကျ်ားပီပီသသနဲ့ ဆွဲဆောင်မှုရှိတဲ့ ရုပ်မျိုးပါ၊ ဟုတ်လား'

မဆွေကို ဘာမှ ပြန်မပြောမိတော့။

ထိုသူ၏ မျက်ဝန်းထူထူအောက်မှ နက်နက်တောက် တောက် မျက်လုံးတွေ၊ နှာတံချွန်သယောင်ယောင်အောက်မှ မပါးမထူနှုတ်ခမ်းတွေ၊ ကားသယောင်ယောင်ရှိသည့် မေးရိုး နှင့် ရင်အုပ်ကျယ်ကျယ်တွေ၊ သွယ်သွယ်ကျစ်လျစ် ခန္ဓာကိုယ် နှင့် ထောင်ထောင်မောင်းမောင်းအရပ်၊ ပေါင်းစပ်ထားတာတွေ အမြင်အာရုံမှာ ပေါ်လွှယ်သည်ပဲ။

မာတင်းနေသယောင် မျက်နှာသည် ကြည်လင်ပြုံးလဲ့ နေသော မျက်ဝန်းနှင့် နူးညံ့ဟန်နှုတ်ခမ်းကြောင့် ပျော့ပျောင်း သွားသလိုပင်။

မျက်စိကို မှိတ်ထားလိုက်မိ၏။

မျက်စိမှိတ်ထားစဉ်မှာပင် အမြင်အာရုံ၌ ကိုညိုပုံက ပြတ်ပြတ်သားသား။

မိမိကိုယ်မိမိပဗ္ဗီ နားအလည်ရခက်လာသလို။ ထိုည က အဆောင်ဘေးမှာရှိသော ညမွှေးပန်းရနံ့က ပို၍ဆွတ်ပျံ့နေ လေသလား။

ရင်ထဲမှာ လှုပ်လှုပ်ရှားရှားနှင့် အခုန်မြန်ချင်ပြန်သည်။

■



## (၃)

ရေမိုးချိုး အဝတ်အစားလဲပြီး ကျောင်းသွားဖို့ ပြင်ကြသည်။ မဆွေရဲ့ နှုတ်ခမ်းနီဘူးကိုယူပြီး ဒါလီ နှုတ်ခမ်းဆိုးသည်။ အပေါ်နှုတ်ခမ်းကို အောက်နှုတ်ခမ်းဖြင့် ငုံထိစေရင်း နှုတ်ခမ်းနီကို ညီအောင်လုပ်သည်။ မှန်ရှေ့မှခွာတော့ သီချင်းတစ်ပိုင်းတစ်စကို ဖွဖွလေးညည်းမိပြန်သည်။

'ဒါလီ'

စာအုပ်တွေ ရွေးယူနေရင်း မဆွေက လှမ်းခေါ်သည်။

'ဘာလဲ မဆွေ'

မကြည့်ဘဲ ထူးသည်။

'အချစ်ဆိုတာ လူတွေရဲ့စိတ်ကို နူးညံ့ပြောင်းလဲစေတယ်ဆိုတာ ယုံလား ဒါလီ'

'ဘာဖြစ်လို့လဲ'

မဆွေရှိရာ လျှောက်လာရင်း မေးလိုက်၏။

'ဒါလီ နင် ကိုယ့်ဘာသာ သတိမထားမိဘူးလား'

'ဟင့်အင်း… ဘာဖြစ်လို့လဲ'

မဆွေက ပြုံးပြီး အကြည့်ဆုံသည်။

'ဒါလီ ဘာဖြစ်လို့လဲ မဆွေရဲ့'

မျက်နှာချင်းဆိုင်ပြီး ထပ်မေးလိုက်၏။

'ဘာဖြစ်ရမှာတဲ့လဲ၊ ငါ့ဆီရောက်တိုင်း နယ် ဘယ်တုန်းက နှုတ်ခမ်းနီဆိုးဖူးလို့လဲ၊ ဟိုနေ့မနက်က ဆိုးမလား မေးတုန်းကတောင် မဆိုးဘူး ငြင်းတယ်လေ'

'ဟာ… မဆွေကလည်း'

'ကိုယ်မေးတာ ဖြေလေ၊ မဟုတ်ဘူးလား'

'ဒီမနက် ဆိုးချင်စိတ်ရှိလို့ ဆိုးမိတာပါ မဆွေရယ် ဘာရယ် မဟုတ်ပါဘူး၊ ဒါလီက နှုတ်ခမ်းနီတွေ မိတ်ကပ်တွေ ကြိုက်တဲ့ကောင်မှမဟုတ်တာ၊ ဒါကြောင့် အမြဲမဆိုးမိတာ'

'အင်းလေ… အဲဒါ ပြောတာပေါ့၊ မကြိုက်တဲ့ကောင်က အခု ဒါတွေကြိုက်ချင်လာပြီ၊ ကိုယ့်ကိုယ်ကိုယ် လှစေချင်လာပြီ'





'မဟုတ်ပါဘူး မဆွေရာ၊ မဆွေ ဘာပြောချင်တယ်ဆိုတာ ဒါလီ သိတယ်'

'ဟုတ်တယ်လေ၊ ကိုညီနဲ့ တွေ့ပြီးမှ ဒါလီ မသိမသာ စိတ်ပြောင်းသွားတာ'

ဒါလီက ပြုံးမိရင်း သက်ပြင်းဖွဖွ ချလိုက်မိသည်ပဲ။

'မဆွေတို့ကိုညီက ခင်ဖို့ကောင်းပါတယ်၊ ရင်းရင်းနှီးနှီး ပေါင်းလို့သင်းလို့ ကောင်းမယ့်ပုံပါပဲ၊ သူက စိတ်ရှင်းတယ်၊ စိတ်ထဲရှိတဲ့အတိုင်း ပြောတာကို ဒါလီ သဘောကျတယ်'

'တွေ့လား၊ ပြောရင်း ပေါ်လာပြီ'

'အဲဒါ အချစ်မဟုတ်သေးပါဘူး မဆွေ'

'အဲဒီကစတာလေ'

'ဒါတော့ မသိဘူး၊ ဒါလီက ဘယ်သူ့မှ မချစ်ခဲ့ဖူးသေးတာ'

'အခု သိလာမယ်၊ စောင့်ကြည့်'

ကိုညီအကြောင်းပြောရင်း ရင်ထဲမှာ ကျေနပ်ကြည်နူးနေမိတာ။ နောက်ထပ် ပြန်ပြီး ဆုံချင်နေမိတာ ဘာကြောင့်ရယ်မသိ။

■

(၄)

ကိုမြင့်ဝေနှင့် အတူတူ ကျောင်းကို တစ်ခေါက် အဆောင်ကိုတစ်ခေါက် လိုက်လာအပြီးမှာတော့ မြဒါလီနှင့် ကိုညီက စကားပြောဖော် ဖြစ်သွားတော့သည်ပဲ။ သည်လောက် မြန်မြန်ကြီး ရင်းနှီးသွားပါလိမ့်မည်ဟု ထင်မထားပါဘဲ ထင်ထားသည်ထက် ပို၍ ရင်းနှီးကျွမ်းဝင်သွားစေအောင် ဖန်တီးပေးသော အရာမှာကား ကဗျာဖြစ်သည်ဟု ဒါလီက ထင်လိုက်သည်။

'ဒါလီ ဒီကောင်က ကဗျာတွေ ဘာတွေ ရေးတယ် ကျောင်းမဂ္ဂဇင်းတွေ အဆောင်တွေမှာတော့ အမြဲနေ



တာပေါ့၊ အခု အပြင်မဂ္ဂဇင်းတွေမှာလည်း သူ့ကဗျာတွေ ခပ်ကျဲကျဲတော့ ပါလာနေပြီ၊ နင်ကလည်း ကဗျာရူး စာရူးဆိုတော့ နင်တို့ချင်း ကီးကိုက်မှာပါ'

ကိုမြင့်ဝေကြီးက ပြောတော့ သူမ အတော်အံ့သြသွားခဲ့သည်ပဲ။

ကိုညီပုံကိုကြည့်ပြီး ကဗျာတွေ ဘာတွေ စိတ်ဝင်စားမည်၊ အနုပညာကို တလေးတစားရှိမည်ဟု သူမက မထင်ခဲ့။ အင်ဂျင်နီယာ ဖြစ်လာမည့်သူမို့ လက်တွေ့ကျကျ၊ စာရင်းဇယားနှင့် ပုံစံခွက်အတိုင်း တွေးခေါ်စဉ်းစားမည့်သူပေပဲဟု ထင်ထားခဲ့သည်လေ။

'အဟုတ်လား ကိုညီ'

'ကဗျာကို ချစ်တာပါ၊ ကဗျာဆရာအဆင့် မဟုတ်ပါဘူး'

ကိုညီက ခပ်ပြုံးပြုံး ပြန်ပြောသည်။

'ကဲ… ကဗျာအကြောင်း ပြောရင်း ဒီမှာ ကျန်ခဲ့မှာလား၊ ငါတို့နှစ်ယောက် ကန်တောင်မှာ လမ်းလျှောက်မလို'

မဆွေနှင့် ကိုမြင့်ဝေက ထရပ်ရင်း မေးသည်။ ကိုညီ

ဝက သူမကို လှမ်းကြည့်လိုက်တာ တွေ့၏။

'အေး… ဒီမှာပဲ ကျန်ခဲ့တော့မယ်၊ သိပ်လည်း မကြာစေနဲ့ မဆွေ'

ဟု သူမက မော့ကြည့်ရင်း ပြောလိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားသော ကိုမြင့်ဝေနှင့် မဆွေကို လှမ်းကြည့်နေဖြစ်သေး၏။

'ပြောပါဦး… ကိုညီ ကဗျာအကြောင်း၊ ဒါလီက မရေးတတ်ဘူး၊ ဒါပေမဲ့ ကဗျာတွေကို အရမ်းချစ်တယ်၊ ကဗျာစာအုပ်တွေ ဝယ်စုထားတာ အများကြီးရယ်'

'ကဗျာဆိုတာက နှလုံးသားရဲ့ မှတ်သိပ်မှုကို ဖြည့်ဆည်းပေးတဲ့ အရာ၊ နှလုံးသားက စုပ်ယူပြီး ထားနိုင်တဲ့အရာလို့ ကိုညီတော့ ထင်တယ် ဒါလီ'

ပြီးတော့ ပြုံးသည်။

'ဘာပြုံးတာလဲ ကိုညီ'

'ဩော်… နှလုံးသားလို့ ပြောလိုက်သံကြားလို့ ထင်ပါရဲ့၊ ဟိုဘက်ဝိုင်းက တစ်ယောက်က လှမ်းကြည့်တာ တွေ့လို့ပါ ဒါလီ'





'ဩော်…'

'ဒီကောင်တော့ ရည်းစားစကားပြောနေတာပဲလို့ ထင်မှာပဲနော် ဒါလီ'

အကြည့်ကို ကန်ရေပြင်ဆီပို့ရင်း ဘာမျှပြန်ပြောလိုက်မိ။

'နှလုံးသားလို့ ပြောလိုက်ရင် လူတွေက အချစ်ကိစ္စ၊ အလွမ်းကိစ္စလို့ချည်း ထင်နေတတ်ကြတယ် ဒါလီရဲ့၊ တကယ်တော့ ခံစားရတာမှန်သမျှဟာ နှလုံးသားကိစ္စချည်းပဲလေ၊ ဆင်းရဲချို့တဲ့မှုကို ခံစားရတာ၊ မတရားအနိုင်ကျင့်မှုကို ခံစားရတာ ဒါတွေဟာလည်း နှလုံးသားကိစ္စတွေပဲ မဟုတ်လား'

'ဘယ်လိုခံစားမှုမျိုးဖြစ်ဖြစ်၊ ဖတ်ပြီး ခံစားကျန်ခဲ့ရင် ဒါလီ ကြိုက်တယ်'

'ဟုတ်တယ် ဒါလီ၊ ရေးတဲ့သူက ခံစားပြီးရေးလို့ သူ့ခံစားမှုကို ဖတ်တဲ့သူရဲ့ ရင်ထဲကို ရောက်တာ၊ ဒါကြောင့် ဖတ်တဲ့သူက ခံစားရတာပေါ့၊ ရက်စက်ယုတ်မာမှုကို နှလုံးသားက စက်ဆုပ်တယ်၊ ကျဉ်းမြောင်းကျပ်တည်းတာ၊ ပျော်ရွှင်ချမ်းမြေ့တာ၊ တရား

တာ မတရားတာ၊ မှန်တာ မှားတာအားလုံးကို နှလုံးသားက ခံစားတတ်တယ်လေ၊ အဲဒီ ခံစားမှုတွေကနေ ကဗျာတွေ မွေးဖွားလာတာ၊ ကဗျာခေတ်ပြည့်ပြီး အနုပညာမြောက်လို့ရှိရင် ဖတ်တဲ့သူရဲ့ နှလုံးသားထဲကို ရောက်ပြီး နှလုံးသားက စုပ်ယူသွားနိုင်မှာပေါ့၊ ကိုညီတော့ အဲဒီလိုပဲ ထင်တယ်'

စကားကို ရပ်ပြီး စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး သောက်ပြန်သည်။

'ကိုညီ'

'ဟင်…'

'စီးကရက်သောက်တာ မများဘူးလား'

'များတယ် ဒါလီ'

'ဖြတ်ကြည့်ပါလား'

'ဗျာ…'

သူမ၏ စကားကို ကြားရတော့ တအံ့တသြဖြစ်သွားသလို စီးကရက်မီးခိုးငွေ့တွေကို ငေးကြည့်ရင်း စကားမဲ့ဖြစ်၏။ သည်လောက် ရင်းနှီးရုံမျှဖြင့် သည်စကားပြောလိုက်တာ မိမိအမှားပါပဲဟု မြဒါလီ အတွေးရောက်ပြန်၏။ တကယ်





တော့ ကိုယ့်ချစ်သူ၊ ကိုယ့်ရည်းစားနှယ် ပိုင်စိုးပိုင်နင်း ပြောလိုက်မိသလို ဖြစ်နေပြီလား စဉ်းစားမိတော့ သိပ်လိပ်ပြာမလုံချင်။

'ကိုညီ့ဘဝမှာ စိတ်ကြိုက်လုပ်ခွင့်ရှိခဲ့တာ ကဗျာရေးတာနဲ့ ဒီဆေးလိပ်သောက်တာပဲရှိတယ် ဒါလီ'

'ဆောရီးပဲ ကိုညီ'

'တစ်နေ့တော့ ကိုညီ ဖြတ်နိုင်အောင် ကြိုးစားပါ့မယ်'

အင်းလျားကန်ရေပြင်ဆီ အကြည့်ပို့ထားမိပြန်သည်။ အတွေးကိုယ်စီဖြင့် ငြိမ်သက်လျက် စကားမဆက်မိကြပြန်။ သူတို့ဆီ လျှောက်လာနေပြီဖြစ်သော ကိုမြင့်ဝေနှင့် မဆွေတို့ကို လှမ်းမြင်နေရ၏။

ညနေသည် မိုးသားကင်းစင်၍ ချစ်သူတို့အတွက် အလှဆုံးအချိန်ကို ဖန်တီးပေးနေသလို။

■

## (၅)

စာသင်ခန်းမှအထွက် ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေသော ကိုညိုကို မြင်လိုက်ရတော့ ပထမ အံ့သြသည်။ ပြီးတော့ ကြည်နူးကျေနပ်စိတ်၏ အလှုပ်အခတ်ဖြင့် ရင်ခုန်ခဲ့ရသည်ပဲ။ သေချာပါရဲ့လားဟု စူးစူးစိုက်စိုက် ကြည့်နေမိသေးသည်။

အနားရောက်အောင် လျှောက်လာနေသော သူမကို ငေးကြည့်နေသည့် ကိုညိုမျက်နှာက မရယ်မပြုံး။

'ကိုညို ဘယ်ကိုလာတာလဲ'

အနားရောက်တော့ ကိုညိုမျက်နှာကိုကြည့်ပြီး မေးမြ သည်။ စူးစူးစိုက်စိုက် ကြည့်နေရာမှ အကြည့်ကို လွှဲကာ မြဒါလီဆီကို လာတာပါဟု တိုးညင်းစွာ ဖြေလိုက်သည်။ သူမ နာမည်အပြည့်အစုံကို တမင်ထည့်ပြောတာ သိ၏။





တိုးလျှလွန်းစွာ ပြောလိုက်သည့် အသံသည် သူမ၏ နလုံးသားမှာ အကျယ်လောင်ဆုံး ကြားလိုက်ရသလိုပင်။ ကျေနပ်ပီတိကြောင့် တစ်ကိုယ်လုံးပင် ကတုန်ကယင်ဖြစ်သွား ချင်ပြီလား မသိ။

'ဒါလီ့ဆီ လာတာနော်၊ ဟုတ်လား'

ထပ်ကြားချင်စိတ်ကြောင့်လား၊ ရင်ခုန်လှုပ်ရှားစိတ် ကြောင့်လား မသိ။ ထိုစကားတို့က သူမ၏နှုတ်ဖျားမှ ထွက် သွားပြန်သည်။

'ဘာလဲ… ဒါလီက မယုံလို့လား၊ ကိုညိုမှာ တခြား လာလည်ရမယ့် အသိမိတ်ဆွေမှ မရှိတာ'

အကြည့်ဆုံကာ မျက်နှာတည်တည်နှင့် ပြော၏။

'မသိဘူး ကိုညိုရယ်၊ ကိုညိုသူငယ်ချင်းတွေ ဘာတွေ လာရှာရင်းနဲ့ ဒါလီ့ဆီ ဝင်လာတာလားလို့ပါ'

'သူငယ်ချင်းလည်း မရှိဘူး၊ ဒါလီဆီ သက်သက်လာ ခဲ့တာ'

'ကန်တင်းဘက်သွားရအောင် ကိုညို၊ ဒါလီ ကျွေးပါ့ မယ်'

ပြောရင်း အတူယှဉ်လျှောက်ကာ ဆိုင်တန်းတွေဘက် ထက်ခဲ့၏။

'ကိုညီ ဒီနေ့ ကျောင်းရောက်တော့ နောက်ကျသွားတယ်၊ မြင့်ဝေကို လိုက်ရှာတော့ မရှိတော့ဘူး၊ ထွက်သွားပြီ ပြောတယ်၊ လက်ဘ် ဝင်လုပ်စရာမလို့လို့ အားနေတာနဲ့ ဒါလီကို သတိရပြီး ဒီကိုလိုက်လာခဲ့တာ'

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိတော့ ကိုညီက ပြောသည်။

'ကိုမြင့်ဝေကြီးနဲ့ မဆွေတို့က မနက်ကတည်းက ထွက်သွားတာတဲ့၊ မနက် ကိုမြင့်ဝေကြီး ရောက်လာပြီး ခေါ်သွားတာပြောတယ်၊ ဒါလီ ကျောင်းရောက်တော့ သူတို့ကို မတွေ့လိုက်ဘူး'

အကြမ်းပန်းကန်ထဲကို ငှဲ့ထည့်ပေးရင်း ပြောသည်။

'တော်သေးတာပေါ့'

'ဘာကိုလဲ ကိုညီ'

'ဒါလီ သူတို့နဲ့ ပါမသွားတာလေ'

ဘာမျှပြန်မပြောဖြစ်ဘဲ ပြုံးရုံ ပြုံးနေမိသည်။

မှာထားသော လက်ဖက်ရည်နှင့် ခေါက်ဆွဲသုပ်ကို ချပေးသည်။ သူမက ခေါက်ဆွဲသုပ်စားမည်မို့ ခေါက်ဆွဲသုပ်





ပန်းကန်ကို လှမ်းယူသည်။ လက်ဖက်ရည်ပန်းကန်ကို ရှေ့ရောက်အောင် တိုးပေးလိုက်၏။

'ဒါလီက အရမ်းအံ့သြနေတာ၊ ဒီလို တစ်ယောက်တည်းရောက်လာမယ် ထင်မထားဘူးလေ'

'ဘာဖြစ်လို့လဲ'

မေးလိုက်တော့ ဘာပြန်ဖြေရမည် မသိ။ ဆုံနေမိသည့်အကြည့်ကို လွှဲကာ ဆိုင်ပြင်ပို့သည်။

'အကိုမြင့်ဝေကြီးနဲ့ပဲ အဖော်လိုက်လာတတ်တာပဲလေ'

ခဏကြာမှ မကြည့်ဘဲ သူမနှုတ်က ထွက်သည်။

သူမ စကားကြောင့် ပြုံးယောင်သန်းသွားသော ကိုညီ၏ မျက်နှာကို ငွေ့အကြည့်မှာ မြင်သည်။

'ကိုညီ ဒါလီနဲ့ စကားပြောရတာ ပျော်လို့ပါ'

ဖျတ်ခနဲ အကြည့်ရောက်ပြီးမှ မျက်နှာကို ပြန်ချလိုက်မြန်တာ ဘာကြောင့်ရယ်မသိ။

'အိမ်မှာလည်း ကိုညီက စကားများများ ပြောတာမဟုတ်ဘူး ဒါလီ၊ အိမ်ကလူတွေကလည်း စီးပွားရေးကြောင်း၊ လုပ်ငန်းကြောင်းတွေပဲ ပြောနေကြတာ

များတယ်လေ၊ ကဗျာကြောင်း၊ စာကြောင်း ဒါလီ့
ပြောသလို ပြောလို့ရတဲ့သူ ကိုညီ့မှာ မရှိဘူး'

သူမ တွေးထင်ပြီး မချွေကို ပြောခဲ့သည့်အတိုင်း အိမ်မှာ အထီးကျန်ဆန်စွာ နေရသည့်ဘဝဟု ကိုယ်ချင်းစ စိတ်ဖြင့် နားလည်လိုက်ပြန်၏။ မိသားစုကိစ္စမို့ ဘာမှထပ်မမေး ဖြစ်တော့ဘဲ စကားကို လွှဲလိုက်သည်။

'ဟိုတစ်ခေါက် လာတုန်းက ကိုညီ ပေးထားတဲ့
မဂ္ဂဇင်းစာအုပ်တောင် ပြန်မပေးရသေးဘူး'

ကဗျာနှင့်ပတ်သက်သော ဆောင်းပါးတွေ ဖတ်ချင် သည်ဟု သူမ ပြောသဖြင့် ကိုညီ ယူလာပေးသော မဂ္ဂဇင်း တစ်အုပ်ကို သတိရပြီး ပြောလိုက်၏။

'ရတယ် ဒါလီ၊ ကိုညီ ဒါလီကို့ အပိုင်ပေးတာ

'စာအုပ်ကောင်းတွေတွေ့ရင် ဒါလီကို ပေးဖတ်ဦးမ
ကိုညီ'

ခေါင်းညိတ်ပြပြီး စီးကရက်ဘူးကို ထုတ်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး ဒါလီ့မျက်နှာဆီ လှမ်းကြ သည်။ ပြီးတော့ နှုတ်ခမ်းကို တွန့်ရုံ တစ်ချက်ပြုံးလိုက်တာ တွေ့၏။





'ဒါလီကို အားနာလို့လား ကိုညီ၊ သောက်ချင်ရင်
သောက်ပါ'

သူမက ခပ်ပြုံးပြုံးပြောလိုက်သည်။

'ကိုညီကို ဆေးလိပ်တွေသောက်တာ များတယ်လို့
ဂရုတစိုက်နဲ့ ပြောခဲ့ဖူးတာ ပြန်သတိရလို့ပါ'

ပြောပြီး စီးကရက်ကို မီးညှိဖွာသည်။

သူမက အမှတ်မထင် ပြောလိုက်မိသော စကားကို မှတ်မှတ်ရရရှိနေပါလားဟု ကျေနပ်မိသည်မှာ အမှန်ပင်။

'ဒါပေမဲ့ အရင်အတိုင်းပဲ သောက်နေတာပဲမဟုတ်
လား'

'ကိုညီ တော်တော်လျှော့သောက်တယ် ဒါလီ၊
တကယ်ပြောတာ၊ ဒါလီ ယုံပါ'

အကြည့်ဆုံရင်း ကိုညီက အတည်ပြော၏။

'ကိုညီကို ဂရုတစိုက်နဲ့ စေတနာနဲ့ ပြောတဲ့စကားပါ
လားလို့ အလေးထားပြီး ကိုညီ လျှော့သောက်ဖြစ်တာ
အမှန်ပဲ ဒါလီ၊ ချက်ချင်းတော့ ဖြတ်လို့ရမှာလည်း
မဟုတ်သေးဘူးလေ'

'ကိုညီ့အမေ ပြောတုန်းကရော'

စီးကရက်ပြာကို တောင်းယူထားသော ပြာခွက်ထဲမှာ ခြွေထည့်ရင်း…

'မေမေက ဆေးလိပ်မသောက်တတ်ခင်က မသောက်ဖို့ တားတာပါ၊ စွဲစွဲလမ်းလမ်း သောက်တတ်သွားတော့လည်း ဂရုစိုက်မနေနိုင်တော့ဘူးပေါ့၊ ပြီးတော့ မေမေက ကိုယ့်ကို တားတာနဲ့ သူစိမ်းတစ်ယောက်နဲ့ မတူဘူးလေ'

'ရှင်…'

အာမေဋိတ်သံ လွှင့်စဉ်ကျရင်း ကိုညီ့မျက်နှာကို ကြည့်ဖြစ်သည်။

'ကိုညီက ဒါလီကို သူစိမ်းလို့ သဘောထားတာပေါ့'

ကလေးတစ်ဦးနှယ် မကျေမနပ်စကားဖြင့် နှုတ်ခမ်းစူချင်ပြီ။

'မဟုတ်ဘူး ဒါလီ၊ ကိုညီပြောတာ လောသွားလို့ပါ။ မေမေက သားသမီးအပေါ်မှာ ဂရုစိုက်တာ စေတနာထားတာ မဆန်းဘူးလေ၊ သဘာဝပဲဟာ၊ သွေးမတော် သားမစပ် ကိုယ့်အပေါ်မှာ စေတနာထားပြီး ပြောတယ်ဆိုတာကျတော့ ဆန်းတယ်၊ ဆန်းတယ်ဆို





တာထက် ပြောမယ့်သူကို ကိုညီမှာ မရှိပါဘူး၊ အဲဒါကြောင့် တန်ဖိုးထား လေးစားတယ် ပြောချင်တာ၊ ရှင်းပြီလား'

'ကိုညီ စကားတတ်တိုင်း…'

မျက်စောင်းဝေ့ရင်း နှုတ်မှထွက်သည်။ ဆိုင်ရှေ့မှ ဖြတ်သွားကြသော သူငယ်ချင်း၏ ပြုံးစိစိအကြည့်မှာ သူမက ဘာကြောင့် ကျေနပ်ရင်ခုန်နေရပါသတဲ့လဲ။

ကိုညီနှင့် သူမကို အတွဲတွေဟု ထင်ရင်း စနောက်သလို ပြုံးသွားကြတာ သူမအတွက် ကြည်နူးစရာ ဖြစ်နေပါပြီလား။

ကိုညီက စီးကရက်ကုန်သွားသော စီးကရက်ဘူးကလေးကို လက်ဖြင့်ဆုပ်ညှစ်ပြီး ပြာခွက်ထဲ ထည့်လိုက်သည်။ စီးကရက်ဘူးအပျော့ကလေးကို သူမ ငေးကြည့်နေမိ၏။

နောက်ကိုလှည့်ပြီး စားပွဲထိုးကောင်လေးတွေကို ကိုညီ ရှာသည်။

ရှေ့ ဆေးလိပ်ပြာခွက်ထဲက စီးကရက်ဘူး အခွံလေးကို သူမ လှမ်းယူပြီး ပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်၏။

'ဘာလုပ်မလို့လဲ ကိုညီ'

'ပိုက်ဆံရှင်းမလို့လေ'

'ဒါလီ ရှင်းမှာပေါ့'

'ကိုညီ ရှင်းပါ့မယ်၊ နောက်လည်း လာလည်လို့ကောင်းတာပေါ့'

'ဘာဆိုင်လို့လဲ ကိုညီကလည်း၊ ဒါလီ ရှင်းမှာပေါ့ ကိုညီက ဧည့်သည်ပဲဟာ'

'ခဏခဏလာလို့ ခဏခဏရှင်းနေရရင် ဘယ်လိုလုပ်မလဲ ဒါလီ'

'ကိုညီပဲ လာဖြစ်အောင် လာခဲ့ပါဦး'

အနားရောက်လာသည့် ဆိုင်အလုပ်သမားလေးကို ဒါလီက ပိုက်ဆံရှင်းလိုက်၏။

'ပိုတာ မင်းယူလိုက်နော်'ဟုပြောပြီး ထရပ်လိုက်ကြသည်။

'မြင့်ဝေ သိရင်တော့ သိပ်အံ့ဩမှာပဲ'

'ဘာဖြစ်လို့လဲ ကိုညီ'

'ကိုညီ ဒါလီဆီကို လာတာကိုလေ၊ အခုချိန်ထိ ကိုညီ ဘယ်မိန်းကလေးဆီကိုမှ သွားမလည်ဖူးတာ မြင့်ဝေ သိတယ်'





'မြဒါလီတို့ ဂုဏ်ယူရမှာပေါ့နော် ကိုညီ'

အရယ်နှောရင်း ပြောကာ ဆိုင်ပြင်ထွက်ခဲ့၏။

အကြည်အနူး၏ အရိုက်အခတ်ဖြင့် ရင်ထဲမှာ လှုပ်ရှားသွားခဲ့တာလည်း အမှန်ပင်။

■

## (၆)

ကောက်ယူလာခဲ့မိသည့် ကိုညီ၏ စီးကရက်ဘူးခွံ အပျော့ကလေးကို ကြည့်ရင်း ပြောခဲ့သည်များကို ပြန်ကြားယောင်နေပြန်သည်။

သူနှင့် ပတ်သက်သမျှ အမှတ်တရအဖြစ် သိမ်းဆည်းနေမိတာ ဘာသာ နားမလည်ချင်ပြန်။ အံဆွဲကိုဖွင့်ပြီး သူမ၏ တိုလီမိုလီပစ္စည်းလေးတွေ ထည့်ထားသော ယွန်းသေတ္တာလေးကို ထုတ်ယူသည်။ ထိုသေတ္တာလေ..ကို ဖွင့်ကာ စီးကရက်ဘူးခွံကလေးကို သိမ်းထားလိုက်၏။

မခွေသာ သိပါက ဘယ်လောက်ရယ်လိုက်လေမလဲဟု တွေးကာ ရှက်စိတ်ဝင်လာပြန်သည်။ ကိုညီ သူမထံ





လာလည်သည့်အကြောင်းကိုတော့ မခွေကို မနက်ဖြန်ဆုံလျှင် ပြောပြဖြစ်မည်ပဲ။

သိပ်ဟုတ်နေကြတာပေါ့ဟု မခွေက အထေ့အငေါ့ဖြင့် သူမကို နောက်ပြောင်စကားဆိုဦးမှာ စဉ်းစား၍ ကြည်နူးစိတ်ဖြစ်ပြန်သည်။

မခွေကသာ ဒီတစ်ခါ သူမကို အတင်းအကျပ်မေးပြီဆိုလျှင်တော့ 'ကိုညီ့အပေါ်မှာ သူမ သံယောဇဉ်ရှိမိ..ကို ဖုံးကွယ်နေစရာ လိုတော့မည်မထင်။ သူမ ငြင်းနေခဲ့ပါလျှင်လည်း မခွေက ယုံမည်မဟုတ်။

မခွေနှင့် စသိပြီး တွဲမိကြပြီဆိုကတည်းက သူမကို ကြိုက်သည့် ဘယ်ယောကျ်ားလေးကိုမှ သူမသည် လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာမရှိတာ မခွေ အသိဆုံး။

ငယ်ပေါင်းသူငယ်ချင်း ယောကျ်ားလေးတွေနှင့်သာ သူငယ်ချင်းလို တရင်းတနှီး ပေါင်းသင်းခဲ့မိသော်ငြား သူမကို ချစ်ခွင့်ပန်သူများကိုတော့ သူမက ပြတ်သားစွာ ငြင်းပယ်ခဲ့သည်ချည်း။

ကိုညီနှင့် ဆုံမိပါမှ သူမဘက်က သံယောဇဉ်တွေ ပိုနေမိပြီလား မသိ။

လျှော့ရဲလွန်းသူဟု ကိုညီ ထင်မှာကိုတော့ တွေးပူမိ ပြန်သည်ပဲ။

ဘာပဲဖြစ်ဖြစ် ကိုညီနှင့်ပတ်သက်၍ ရင်ခုန်မိတာ၊ စိတ်ကူးယဉ်မိတာတွေကိုတော့ ဝန်ခံရမည်ပင်။

*အချစ်ဆိုတာ…*

*ရာသီမှဲ့ မိုးလိုပါလား…*

*အချိန်မဲ့ အခါမဲ့ ရွာချင်တဲ့အချိန်မှာ*

*ကောက်ကာငင်ကာ ရွာချတတ်ပါသတဲ့လား…*

နှလုံးသားမှာတော့ သမုဒ္ဒယမိုးတို့က သည်းလေပြီ ပဲ။

ထိုမိုးဖွဲမိုးစက်တို့ဖြင့် အိပ်မက်မြက်ခင်းက စိမ်းလန်း နေဦးတော့မည်လေ။

■



(၇)

'ကိုယ့်ဘဝမှာ မွေးနေ့ဆိုပြီး မှတ်မှတ်သားသား ဒီလို လိုက်ကျွေးဖူးတာ ဒါ ပထမဆုံးပါပဲ'

အစားအသောက်များ မှာထားစဉ်မှာ ကိုညီက ပြော သည်။ စားသောက်ဆိုင်ကြီး မဟုတ်သော်ငြား သေသပ်ကျယ် ဝန်းသည့် မြက်ခင်းပြင်ပေါ်မှာ စားပွဲတွေ ချခင်း၍ သန့်ရှင်း ကျယ်ဝန်းသည့် ဆိုင်အနေအထားက ကျေနပ်မှုကိုရစေသည်ပဲ။

'ဒါတောင် ငါ အတင်းကျွေးခိုင်းလို့ပါ ညီညီရာ'

ဟု ကိုမြင့်ဝေကြီးက လှမ်းပြောသည်။ လက်ဖက် ရည်ဆိုင်မှာ ထိုင်ရင်း စကားစပ်မိတော့ 'မင်းမွေးနေ့ ရောက် တော့မှာနော်၊ ငါ မှတ်ထားတယ်၊ မင်း ဘာကျွေးမှာလဲ' ဟု ကိုမြင့်ဝေကြီးက မေးသည်။

'ဟုတ်တယ် ကိုညီ၊ ဒီနှစ်တော့ မှတ်မှတ်ရရဖြစ်အောင် ကိုညီ ကျွေးသင့်တယ်'

ဟု မဆွေက ဝင်ပြောသည်။

'ဘာအတွက် မှတ်မှတ်ရရလဲ မဆွေ'

'ကိုညီကလည်း ဒါလီနဲ့ဆုံတဲ့ အထိမ်းအမှတ် မှတ်မှတ်ရရလေ'

ကိုညီက သူမမျက်နှာဆီ လှမ်းကြည့်သည်။ မဆွေစကားကြောင့် သူမကို အားတုံ့အားနာဖြစ်ဟန်တူသည်။

'လူတစ်ယောက် တိုးလာလို့ ပိုကုန်မှာစိုးပြီး မကျွေးချင်တာလားမှ မသိတာ'

သူမက ဝင်ပြီး နောက်ပြောင် ပြောလိုက်မိသေးသည်။

'ကျွေးပါ့မယ်၊ ကိုညီ ကျွေးပါ့မယ်'

သူမကို ပြုံးပြီး ပြန်ပြောလိုက်၏။

'တွေ့လား ဒါလီ၊ အဲဒါ နင့်ကြောင့် ကျွေးမယ်ဖြစ်သွားတာ၊ အရင်နှစ်ကဆို အလုပ်မအားလို့ ဘာညာဆိုပြီး မကျွေးဖြစ်ဘူး'

မဆွေက ဝင်ပြောလိုက်တော့ ကိုညီက ပြုံးရုံသာပြုံးပြီး ဘာမှပြန်မပြော။





ကိုညီက သူမနှင့်ပတ်သက်၍ အရေးတယူရှိတာဆွေတို့ ပြောဆိုနေသည့် စကားတွေမှာ သူ သာယာနေမိတာတော့ အမှန်ပင်။

သည်လိုနှင့် သည်ဆိုင်လေးကို ရောက်လာခဲ့တာ သူမနဲ့ပြီးတွေးဖြစ်နေသည်ပဲ။

*

'ကိုညီ့ဘဝမှာ အပေါင်းအသင်း ရင်းရင်းနှီးနှီး သိပ်မရှိဘူး၊ မြင့်ဝေ အသိဆုံးပဲလေ၊ ကျောင်းမှာဆိုလည်း မြင့်ဝေနဲ့ပဲ တတွဲတွဲနေတာ၊ မြင့်ဝေနဲ့ ပတ်သက်ပြီး မဆွေတို့ ဒါလီတို့နဲ့ ရင်းနှီးခွင့်တော့လည်း ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခင်မင်မိတာ အမှန်ပဲ'

'ဒါလီ့ကိုတော့ ခင်တာထက်ပိုတယ်၊ မဟုတ်လား ကိုညီ'

'ဟာ… မဆွေကလည်း'

မဆွေက ကိုညီကို နောက်ပြောပြောလိုက်တော့ သူမ ရှက်ပြီး မဆွေရဲ့ပခုံးကို ခပ်ဖွဖွထုရင်း နှုတ်မှထွက်သည်။

ကိုညီက အားနာသွားဟန် သူမကို ခပ်ပြုံးပြုံး လှမ်း

ကြည့်တာ တွေ့သည်။

'ကိုညီ့မှာ ညီအစ်ကိုမောင်နှမတွေ ရှိမှာပေါ့၊ သူ... နဲ့ရော'

စကားလွှဲပြီး မေးလိုက်မိ၏။ ပြီးမှ သူများကိုယ်ရေး ကိုယ်တာကို စပ်စုမိသလို ဖြစ်သွားပြီလား အားနာစိတ်ဝင် ပြန်သည်။ ကိုညီ သက်ပြင်းဖွဖွ ချလိုက်တာ သူမ သတိထား မိပြန်၏။

'အစ်ကိုတစ်ယောက်ပဲ ရှိတယ် ဒါလီ၊ မိသား အားလုံးက ကိုညီ့ကို ချစ်ကြပါတယ်၊ ကိုညီကသာ သီးသီးသန့်သန့်ကြီး နေတတ်တဲ့အကျင့် ရှိနေတာ'

ကိုညီ့မှာ အထီးကျန်စိတ်ရှိနေတာ သူမ ခန့်မှန်းမှန် သွားပဲဟု တွေးရင်း အကြည့်ကို လွှဲလိုက်သည်။

'မဒွေ မွေးနေ့ရှင်ကို လက်ဆောင်ပေးလိုက်ဦးလေ ကျွေးရမွေးရတာ ပိုပြီး စေတနာကောင်းသွားအောင် ပေါ့'

တိတ်ဆိတ်သွားသည့် စကားကို ကိုမြင့်ဝေကြီးက အသက်ပြန်ဝင်စေ၏။

'ဟုတ်သားပဲ၊ ပေးဖို့ကျတော့ မေ့နေလိုက်တာ'





ရယ်ရင်း မဒွေက ပြောကာ ပိုက်ဆံအိတ်ကို ဖွင့်ပြီး ပစ္စည်းကို ထုတ်သည်။

'သူငယ်ချင်း... ဒါ အဒွေနဲ့ ငါ့ရဲ့ အမှတ်တရ လက်ဆောင်ပေါ့ကွာ၊ မင်းအတွက် ကဗျာကောင်း စာကောင်းတွေ ရေးနိုင်အောင် ရည်ရွယ်ပြီးပေးတာ'

ကိုညီ့ပခုံးကို ပုတ်ရင်း ကိုမြင့်ဝေကြီးက ပြောသည်။

'ကျေးဇူးပဲ သူငယ်ချင်းရာ'

ဟု ပြောရင်း ကိုညီက မဒွေပေးသည့် ပတ်ကား ဘောပင်လေးကို လှမ်းယူလိုက်၏။

'ဒါလီ ပေးလိုက်လေ'

မဒွေက သူမဘက်ကိုကြည့်ရင်း ပြောလိုက်၏။ သူမ ပိုက်ဆံအိတ်ကလေးကို ဖွင့်ပြီး ပစ္စည်းကို ယူသည်။

ပစ္စည်းကို ကိုင်ထားရင်း...

'ကိုညီ ဘာလို့ ထင်လဲ'

ဟု မေးမိပြန်၏။

'မထင်တတ်ဘူး ဒါလီ'

ကိုညီက ခပ်ပြုံးပြုံး ပြန်ပြောသည်။

'ရော့... ကိုညီ မထင်ထားတဲ့ ပစ္စည်းပဲ'

'ဟာ…'

သူမက ပြောရင်း ကိုညီလက်ထဲကို ထည့်ပေးလိုက်စဉ် ကိုညီက အံ့သြစွာ နှုတ်မှ အသံထွက်၏။

ဘူးအနက်ကလေးနှင့် ထည့်ထားသည့် ဓစ်ပိုမီးခြစ်ကလေးကို ကြည့်ရင်း အံ့အားသင့်နေပုံရသည်။

'ဘာလို့ ဒီလောက် ဈေးကြီးတာကို ပေးရတာလဲ ဒါလီ'

ဓစ်ပိုမီးခြစ်ကို ခဏခဏ ဝယ်ကိုင်ဖူးသူမို့ ဈေးကို သိနေပြီး အားနာစကား ဆိုလိုက်၏။

'ဘာရယ်မဟုတ်ဘူး ကိုညီ၊ ဒီမီးခြစ်ကလေးမှာ လပ်ကီးဆိုတဲ့ စာတန်းလေးပါတာကို သဘောကျလို့ပါ'

'ဘာလဲ… နင်က ကိုညီ အမြဲကံကောင်းပါစေ ဆုတောင်းပေးနေချင်တဲ့သဘောပေါ့'

'ဒါပေါ့၊ ဒါပေါ့'

မဆွေကို ရယ်ရင်း ပြန်ပြောမိသည်။

'ဆေးလိပ်မသောက်ဖို့ ပြောပြီး မီးခြစ်ပေးတာကတော့ ကိုညီ အံ့သြတယ်'





သူမ မျက်နှာကိုကြည့်ရင်း ခပ်ပြုံးပြုံး ဆိုသည်။

'ပြောမရတဲ့အတူတူ သေအေးရောဆိုတဲ့ သဘောပေါ့ကွာ'

ကိုမြင့်ဝေကြီး စကားကြောင့် အားလုံးရယ်သည်။

'အဲလိုမဟုတ်ပါဘူး ကိုညီ၊ ကိုညီ ဆေးလိပ်ဖြတ်လို့ မရမယ့်အတူတူတော့ ဆေးလိပ်သောက်နေသရွေ့ မီးခြစ်က လိုနေမှာပဲလေ၊ လိုအပ်တဲ့ပစ္စည်းကို ဖြည့်ဆည်းပေးချင်တဲ့သဘောပါ'

'အမလေးဟဲ့… စေတနာတွေ'

မဆွေက ရယ်ရင်း ဝင်နောက်သည်။

'ဟုတ်တယ် ကိုညီ၊ အမြဲကိုင်ထားဖြစ်မှာပါ'

'ညီညီ'

'ပြော… သူငယ်ချင်း'

'ဒါလီက ကဗျာတွေ ဘာတွေ အရမ်းဖတ်တာ၊ ဝါသနာပါတာ မင်း သိတယ်နော်'

'အင်း… သိတယ်'

ကိုမြင့်ဝေကြီးက ဖောက်တော့မည်ကို မသိဘဲ အားလုံးက သူ့စကားကို စိတ်ဝင်တစား နားစွင့်နေကြ၏။

'မင်းတို့ ကဗျာမှာ နိမိတ်ပုံတွေ ဘာတွေ ရှိတယ် မဟုတ်လား'

'ရှိတယ်'

'အေး… အခု သူက မီးခြစ် မင်းကိုပေးတာ နိမိတ်ပုံနဲ့ ပေးတာကွ၊ မင်း သိလား'

အားလုံး ခဏငြိမ်သွားကြ၏။

'သိပြီ…. သိပြီ၊ ချစ်ဖို့…. ချစ်ဖို့'

မဆွေက ရယ်ရင်း ထအော်လိုက်တော့ ရုတ်တရက် ရှက်ပြီး ခေါင်းငုံ့ဖြစ်သည်။

'မဆွေကလည်း…'

ဟု ပခုံးချင်းတိုက်ကာ ရှက်ရယ်ရယ်မိသော်ငြား ရင်ထဲမှာကား ကြည်နူးကျေနပ်နေမိပြန်သည်လေ။

မဆွေနှင့် သူမကို အဆောင်ပြန်လိုက်ပို့ပေးပြီး ကိုမြင့်ဝေကြီးကို ကိုညီက ပြန်ပို့ရမည်။

'ကိုညီ ကိုမြင့်ဝေ အခန်းမှာ အိပ်မှာလား'

'ကျွန်တော် အိမ်ပြန်ရမှာ မဆွေ'

'နောက်တောင်ကျနေပြီ'

'အိမ်က ကိုညီ့ကိုမျှော်နေကြမှာ ဒါလီ၊ မပြန်လို့ မဖြစ်ဘူး'





ကားပေါ်က လှမ်းပြောသော ကိုညီ့မျက်နှာကို သူမ ငေးမောကြည့်နေမိသေးသည်။

ထိုညက တော်တော်နှင့် အိပ်မပျော်ခဲ့။ အပျော်တွေနှင့် ရင်မောခဲ့ရတဲ့ ညပါ ကိုညီ။

■

## (၇)

'ငါ့ကိုတောင် မပြောဘူး၊ နင် သိပ်လျှိုတာပဲ ဒါလီ'

သူမ အနားကို ရောက်လာရင်း မဆွေက ပြောသည်၊ မဆွေ မျက်နှာကိုကြည့်ရင်း မချိုမချဉ် မျက်နှာပေးနှင့် သူမက မဆွေက ပခုံးကို ဖွဖွထုနေ၏။

'ပြောစမ်း… မှန်မှန်ပြောနော် ဒါလီ၊ အခု နင်တို့ ဘယ်ကပြန်လာကြတာလဲ၊ ငါ ကိုညီ့ကားကို လှမ်းမြင်လိုက်တယ်'

သူမကို အားမလိုအားမရ တဖွဖွမေးရင်း ယှဉ်ပြီး လျှောက်လာသော မဆွေကို ငဲ့ကြည့်ရင်း သူမက ရယ်ချင်နေသေးသည်။





'ဟုတ်တယ် မဟုတ်လား၊ ကိုညီနဲ့ နင် ချိန်းသွားကြတာ မဟုတ်လား၊ နင်တို့က ဒီအခြေအနေတောင် ရောက်နေကြပြီကိုး'

'မဆွေရယ်… ငါ ပြောပါရစေဦး၊ နင် ထင်တာတွေချည်း နင်က လျှောက်ပြောနေတာ'

သူမ စကားကြောင့် မဆွေက သူမ မျက်နှာကို အကဲခတ်အကြည့်ဖြင့် ကြည့်သည်။

'ကဲ… ပြော၊ ငါ့ကိုတော့ ညာမယ်မကြံနဲ့နော်'

'မနက်က ငါ နင့်ကို စောင့်နေတုန်း ကိုညီ ရောက်လာတာ'

'နင်တို့ ချိန်းထားကြတာ မဟုတ်ဘူးပေါ့'

'ချိန်းတွေ့ရအောင် သူနဲ့ ငါနဲ့က ဘာမှဖြစ်ကြသေးတာမှ မဟုတ်တာ'

'ငါ မယုံဘူး ဒါလီ၊ နင်တို့ပုံစံက ချစ်သူတွေပုံစံ ဖြစ်နေပြီ'

'တကယ်ပါ မဆွေရယ်၊ သူက ငါ့ကို ချစ်ရေးဆိုတာဘာညာ မရှိသေးပါဘူး၊ သတိရလို့ ဝင်လာခဲ့တာတဲ့၊ နင့်ကိုလည်း မေးပါတယ်'

'ဒါဆို ငါ့ကို ဘာလို့မစောင့်တာလဲ'

'နေဦးလေ… ပြောမှာပေါ့ဟ၊ ငါက ကင်တန်းသွားထိုင်ပြီး နင့်ကိုစောင့်မယ် ပြောတယ်၊ သူက သူ အချိန်မရဘူး၊ သူ့အဖေ ခိုင်းထားတဲ့ အလုပ်ကိစ္စတစ်ခု ရှိလို့ ဆောက်လုပ်ရေးဆိုက်တစ်ခုကို သွားရမယ်တဲ့၊ အဲဒီကိုသွားဖို့ သူ ကျောင်းကထွက်လာခဲ့တာတဲ့၊ ဒီအနားရောက်တော့ ငါ့ကို သတိရပြီး ဝင်လာခဲ့တာတဲ့၊ ငါ အားရင် သူနဲ့ လိုက်ခဲ့ပါလားလို့ ခေါ်တာ'

'ဒါနဲ့ ညည်းကလည်း ငါ့ကိုမေ့ပြီး လိုက်သွားရောပေါ့၊ ဟုတ်လား ဒါလီ၊ ဘာမှမဖြစ်သေးဘူးသာဆိုတယ်'

'သူက ဘာမှမပြောသေးလို့ ဘာမှမဖြစ်တာပဲဟာ၊ နင်ကလည်း'

'သိပါတယ်၊ သိပါတယ်၊ ငါ မပြောလိုက်ချင်ဘူး'

နှစ်ယောက်စလုံး ရယ်မိကြပြန်သည်။

'ပြောပါဦး'

'အဲဒီ တိုက်တွေဆောက်လက်စ ဆိုက်တစ်ခုကို သွားတယ်၊ ရောက်တော့ ငါ့ကို ကားပေါ်ကစောင့်





ခိုင်းပြီး သူ ဆင်းသွားတယ်၊ ဆယ့်ငါးမိနစ်လောက်ကြာတော့ ပြန်ရောက်လာတယ်၊ သူ့အဖေခိုင်းတဲ့ကိစ္စပြီးပြီတဲ့၊ ဒါနဲ့ သူနဲ့ ငါ အဲဒီအနားက ဆိုင်တစ်ဆိုင်မှာ သွားထိုင်ကြတယ်၊ ဒါပဲ'

'ဆိုင်… ဟုတ်ရဲ့လား ဒါလီ'

'ဩော်… မဆွေရယ်၊ ဆိုင်ထိုင်တဲ့ အဆင့်ပါပဲ၊ ရှင့်ကိုညီက ကျွန်မကို ရိုတိတိစကားတောင်မှ မပြောခဲ့ပါဘူး'

သူမ စကားကြောင့် မဆွေ ရယ်သည်။

'ငါ ကိုမြင့်ဝေဆီ ပြန်ကြားရလို့ အလိမ်ပေါ်ရင်တော့ အသိပဲ ဒါလီ'

'တကယ်ပါ မဆွေရယ်၊ ဟုတ်ရင် ငါကလည်း ကြွားချင်လွန်းလို့၊ အဲဒါ နင် ယုံ'

'အေးဟ… ကိုညီ ကြည့်ရတာ သူ့ရင်ထဲမှာ ပြောစရာစကားတွေ နင့်ကို ရှိတယ်၊ တစ်ခုခုကြောင့် မပြောဘဲ မျိုသိပ်ထားရသလိုပဲ'

'မသိပါဘူးဟာ'

'သူ့မိသားစုကိစ္စ၊ သူ့မှာ အားနည်းချက်တစ်ခုခု ရှိနေ

တဲ့ကိစ္စ၊ အဲဒါမျိုးများ ဖြစ်မလား မသိဘူး ဒါလီ
ကိုမြင့်ဝေက ပြောဖူးတယ်၊ ဒီကောင်က သူ့မိသားစု
အကြောင်းလည်း မပြောဘူး၊ အရင်းနှီးလည်း မခံ
ဘူး၊ သူ့အိမ်ကိုဆို လာလည်ဖို့မပြောနဲ့၊ ဖုန်းတောင်
မဆက်စေချင်ဘူးလို့ ပြောတယ်၊ သူပဲ ကိုမြင့်ဝေဆီ
ကို အမြဲလာနေတာ၊ ကိစ္စရှိရင်တောင် သူ့အိမ်ကို
ဖုန်းမဆက်နဲ့ ပြောထားတယ်တဲ့၊ သူ့အိမ်က အပြင်
က ဖုန်းတွေဘာတွေ ဆက်ရင်လည်း မကြိုက်ဘူး
သူလည်း မပြောချင်ဘူးလို့ ပြောသတဲ့၊ ကိုမြင့်ဝေက
တောင် အဲဒါကို နားမလည်ဘူး'

'သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့ဟာ၊ ငါကလည်း
သူ မပြောဘဲ မမေးချင်ဘူးလေ',

'နင်တို့ဟာလည်း'

'ငါတို့ကိုတော့ ကျောင်းကမြင်ရတဲ့ လူတွေက အတွဲ
လို့ ထင်ကြမှာပဲ မဆွေ၊ ငါက သူ့ကားနဲ့ လိုက်သွား
တာတွေ ဘာတွေ အထင်ကြီးမှာ၊ ငါတော့ ကိုညီ
ကြောင့် လာဘ်တိတ်ပါပြီဟာ'

သူမ စကားကြောင့် မဆွေက ရယ်သည်။





ကိုညီကို ကြည့်ရသည်မှာ တစ်စုံတစ်ရာက သူ့နှလုံး
သားကို ထိန်းချုပ်ထားသလိုပင်။ သူ့မျက်ဝန်းမှ စကားတို့က
သူ့နှုတ်ဖျားသို့ ရောက်မလာခဲ့။

နှလုံးသားရဲ့ ဘာသာစကားကို မျက်ဝန်းများက ပြော
ဆိုတတ်တာ ကိုညီ သိနိုင်ပါ့ရဲ့လား။

■

## (၉)

စီးကရက်တိုကို လက်နှင့်တောက်ရင်း ဆိုင်ရှေ့ပစ် လိုက်၏။ ကင်တင်းရှေ့မှ ဝိတောက်ပင် ရွက်စိမ်းဖားဖားတွေဆီ အကြည့်ကိုပို့၏။ လက်ထဲမှ ဓစ်ပိုမီးခြစ်ကလေးကို အဖုံး ဖွင့်လိုက် ပိတ်လိုက် လုပ်နေပြန်သည်။

'မင်း တကယ်ပြောတာလား ညီညီ'

'ဘာလဲ မြင့်ဝေ'

'ဒါလီကို မင်း ဖွင့်မပြောရသေးဘူးဆိုတာ'

'တကယ်ပါ မြင့်ဝေရာ၊ ငါ့ကို ယုံပါ'

'ဘာဖြစ်လို့ မပြောသေးတာလဲ၊ မင်း သူ့ကို မချစ် လို့လား'





'ချစ်တယ် မြင့်ဆွေ'

'ဒါဆို ဘာလို့ မပြောတာလဲ၊ မပြောရဲတာလား'

သက်ပြင်းချသံဖွဖွ ကြားရသည်။

ပြီးတော့ အကြည့်ကိုလွှဲကာ…

'ငါ သူ့ကို ပြောဖြစ်တော့မယ် မထင်ပါဘူးကွာ'

ဟု လေးတွဲ့စွာ ပြောသည်။

'မင်း ဘာကြောင့်တာလဲ ညီညီ၊ ဒါလီကလည်း မင်း အပေါ် ဒီလောက် လိုက်လိုက်လျောလျော ရှိနေတာပဲ ဟာ၊ မင်းကလည်း ဒါလီကို ချစ်တယ်ဆိုတာ ငါယုံ တယ်၊ ဘယ်မိန်းကလေးမှ မင်း စိတ်ဝင်စားခဲ့တာ မဟုတ်ဘူးဆိုတာ ငါ သိနေတာပဲ၊ ပြီးတော့ ဒါလီ ဆိုတာကလည်း မင်းလို ဘယ်ယောကျ်ားလေးနဲ့မှ တရင်းတနှီး ရောရောနှောနှောနေတာ ငါ မတွေ့ခဲ့ဖူး ဘူးလေ'

'မင်း မသိပါဘူးကွာ'

ခေါင်းခါရင်း စကားသံ ထွက်လာ၏။

'အေး… မင်း ပြောလေ'

'ငါ မင်းကို အရှင်းဆုံးပြောမယ် မြင့်ဝေ၊ ငါ့ကြောင့်

'ဒါလီ စိတ်မဆင်းရဲစေချင်ဘူး၊ ငါက ငါ့ဘဝကို ငါ မပိုင်ဘူး မြင့်ဝေ၊ ငါ့စိတ်နဲ့ ငါ လူလုပ်နေရတဲ့ ကောင် မဟုတ်ဘူး'

တစ်ခါမှ မကြားဖူးသေးသော စကားမို့ မြင့်ဝေက အံ့ဩဟန်ပြရင်း နားထောင်သည်။

'မင်း အိမ်က သဘောမတူမှာစိုးတာလား'

ခဏအကြာ မြင့်ဝေက မေးသည်။

လေးတွဲ့စွာ ခေါင်းကို ယမ်းခါသည်။

'ဒါလီရဲ့ အဆင့်အတန်းအရ ဘာမှ ငြင်းစရာ သဘောမတူစရာ မရှိဘူးလို့ မင်း ပြောချင်တာမဟုတ်လား မြင့်ဝေ၊ ဒါ ငါ လက်ခံတယ်၊ ဒါပေမဲ့ ငါ့ အိမ်မှာ ဘာအစီအစဉ်တွေ ရှိမှန်း ငါ မသိဘူး'

'မင်း စောစောဖွင့်ပြောလိုက်ပေါ့'

'ပြောလိုက်တော့မှ သူတို့မှာ အစီအစဉ်တွေရှိနေရင် ဘယ်လိုလုပ်မလဲ'

'မဟုတ်သေးပါဘူး ညီညီရာ၊ မင်း အိမ်က ဒီလောက်ပဲ ရေးဆန်နေလို့လား၊ အကျိုးသင့် အကြောင်းသင့် ရှင်းပြရင် လက်ခံနိုင်မှာပါ'





'ငါက ငါ့အဖေနဲ့ အမေအတွက် အသက်ရှင်နေရတာ မြင့်ဝေ'

'မင်းဟာ ပုံမှန်တော့ မဟုတ်ဘူး ညီညီ၊ မင်းမှာ စိတ္တဇတစ်ခုခုတော့ ရှိနေတာ သေချာတယ်၊ မင်းတို့က ပုံမှန်မိဘနဲ့ သားသမီး ဆက်ဆံရေးမျိုး မဟုတ်ဘူး၊ မင်း မိဘဘက်က ပုံမှန်ဖြစ်ချင်ဖြစ်မယ်၊ မင်းဘက်က ပုံမှန်မဟုတ်တာ သေချာတယ်၊ ဥပမာကွာ အဖေလုပ်တဲ့သူက အရက်မူးပြီး အရိုက်ကြမ်းခဲ့လို့ ငယ်ငယ်ကတည်းက အဖေကို ကြောက်ရွံ့မုန်းတီးစိတ် ဝင်နေတဲ့ စိတ္တဇမျိုး၊ ငါ အသေအချာတော့ မပြောတတ်ဘူး၊ မင်းမှာက အဲဒီလိုမျိုး မလိုအပ်ဘဲ နဲ့ မိဘအတွက် တွေးပူပန်တာမျိုး ရှိနေတာ ညီညီ' သက်ပြင်းရှည်ချလိုက်တာကို မြင့်ဝေက ကြားနေရ

'တော်ပါတော့ကွာ၊ ငါ သိတာက ငါ့ဘဝ ငါမပိုင်ဘူး၊ ငါ့ဘာသာ ဘာမှလုပ်ခွင့် ဆုံးဖြတ်ခွင့်မရှိဘူး၊ ဒါကြောင့် ဒါလီကို ငါနဲ့ပတ်သက်ပြီး စိတ်မဆင်းရဲ စေချင်ဘူး၊ ဒီလို မလွတ်မလပ်ဖြစ်နေတဲ့ ငါ့ဘဝထဲ

ကို ဒါလီ ဝင်မလာစေချင်ဘူး၊ ဒါပဲ မြင့်ဝေ'

'မင်းက တော်တယ်၊ ထက်တယ်၊ ဒါပေမဲ့ မင်းမှာ

မပြတ်မသားဖြစ်အောင် မလွတ်မလပ်ဖြစ်အောင်

တစ်ခုခုက ချုပ်ကိုင်ထားသလိုပဲ'

'ဟုတ်တယ်၊ ကျေးဇူးတရား၊ ကျေးဇူးတရားက ချုပ်

ကိုင်ထားတယ်'

'ဘာကွ… မိဘကို ကျေးဇူးသိတတ်တာ ကောင်း

ပါတယ်၊ သားသမီးတိုင်းရဲ့ တာဝန်ပဲဟာ'

'တော်ကွာ… ရော်တော့ မြင့်ဝေ၊ မင်းကို ငါ

တစ်ခုပြောမယ်၊ ငါ့ကိုယ်ငါ မပိုင်ဘူးဆိုတာကို'

'ပြော'

'ဒီစာမေးပွဲတောင် ငါ ဖြေချင်မှ ဖြေရတော့မယ်'

'ဘာကွ…'

'ငါ အဖေနဲ့ နိုင်ငံခြားလိုက်သွားရဖို့ များတယ်

အားလုံး အဆင်သင့်ဖြစ်နေပြီ'

'မင်း ရူးနေလား၊ စာမေးပွဲပြီးမှ သွားပေါ့'

'ငါ့မှာ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးလေ'

'မင်း အဖေကရော မင်းအိမ်ကရော မင်း ဘွဲ့ယူ





နောက်ဆုံးနှစ်စာမေးပွဲလေ၊ ဒါကို ထည့်မတွက်ဘူး

လား'

လေးတွဲ့စွာ ခေါင်းခါသည်။

'တွက်ပါတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး မြင့်ဝေ၊

ငါ့အဖေရဲ့ကျန်းမာရေးလေ၊ နိုင်ငံခြားသွားကုရမယ်၊

ငါ စာမေးပွဲပြီးတဲ့အထိ စောင့်နေလို့ မရဘူး၊ ရောဂါ

အခြေအနေအရ'

'တခြားလူ လိုက်ပေါ့ကွ'

'ကိုကိုက ဒီက စီးပွားရေးလုပ်ငန်းတွေကို ဖေဖေ

မရှိရင် တာဝန်ယူရမယ်၊ မေမေက လိုက်ပြုစုနိုင်

လောက်အောင် ကျန်းမာရေးမကောင်းဘူး၊ ဒီတော့

ငါပဲ ရှိတယ်လေ၊ မင်း သိမှာပေါ့၊ ဖေဖေ အလုပ်

ထဲမသွားနိုင်တာ ကြာပြီ၊ ဒါလီကို ငါ ဆိုက်ထဲခေါ်

သွားတဲ့နေ့က ကိုကို နယ်ထွက်နေလို့ ဖေဖေ့ကိစ္စ

သူ့မန်နေဂျာ သွားတွေ့ရတာ'

'မဟုတ်သေးပါဘူးကွာ၊ မင်း ပညာရေး ဘယ်လို

လုပ်မှာလဲ'

'ဟိုမှာ ဆေးကုရမှာ ကြာဖို့များတယ်၊ ဟိုမှာ တစ်ခုခု

တက်နိုင်အောင် စီစဉ်ပေါ့လို့ ဖေဖေက ပြောတယ်'

'ဒါလီ သိပြီလား'

'သူ စိတ်မကောင်းအောင် ငါ ဘာမှမပြောချင်တော့ပါဘူးကွာ'

လက်ထဲမှ ဓစ်ပိုမီးခြစ်ကလေးကို အဖုံးဖွင့်လိုက် ပိတ်လိုက် လုပ်နေမိပြန်သည်။

ဓစ်ပိုမီးခြစ်မှ ထွက်လာသော အသံက နှလုံးသားမှာ ဆူညံနေပါရော့လား။

*

'အဲဒါပဲ ဒါလီ၊ ကိုမြင့်ဝေက ငါ့ကို ပြန်ပြောပြတာနဲ့ စိတ်မကောင်းတော့ မဖြစ်နဲ့ပေါ့ဟာ၊ စာမေးပွဲဖြေရတော့မှာမို့ ကျောင်းတွေကလည်း ကလပ်စ်တွေ မရှိတော့ဘူးဆိုတော့ သူ ကျောင်းကိုလည်း မလာတာ ကြာပြီပေါ့'

ကိုမြင့်ဝေ ပြောပြသမျှတွေကို ပြန်ပြောပြရင်း မဒေ့က ဒါလီကို နှစ်သိမ့်သည်။ ဟိုး ခပ်ဝေးဝေးကို ငေးမျှော်ရင်း ကိုညီကို အတွေးမှာ မြင်ယောင်လာသည်။ စာမေးပွဲတွေနီးလို့





သူ ရောက်မလာတာပဲဟု အစကတော့ တွေးသည်။ အခုတော့ သူ တမင်ရှောင်ပြီဟု နားလည်စိတ်ဖြင့် ကြေကွဲမှုလောင်ရပြန်၏။

သူမကို ထားရစ်ခဲ့ကာ ကိုညီ တကယ်ပဲ အဝေးကို သွားတော့မှာတဲ့လား။

နှုတ်ဆက်စကားမျှ မဆိုဘဲ စိမ်းပြတ်သူဟု ရင်ထဲမှာ နာကျင်ပြန်၏။

■

## (၁၀)

စာမေးပွဲကိစ္စတွေနှင့် နပန်းလုံးရင်း ကိုမြင့်ဝေကြီးလည်း မဆွေဆီကို ရောက်မလာဖြစ်တော့။ စာမေးပွဲပြီးမှ လာသည်ဟု မဆွေက ပြောသည်။ သူမကတော့ မဆွေအဆောင်မှာ စာလာကျက်ရင်း ကိုညီကို လွမ်းဆွတ်သတိရနေမိသည်မှာ အမှန်ပင်။ ဘာဆိုင်သေးလို့လဲ။ သူနဲ့ ငါ ချစ်သူတွေမှ မဟုတ်သေးဘဲဟု စိတ်ကို တင်းထားရင်းကပင် နှလုံးသားက ကြေကွဲစွာ အောက်မေ့နေမိပြန်သည်ပဲ။

'သူနဲ့ ငါ နှစ်ယောက်တည်း ရှိနေတဲ့အချိန်မှာလည်း ငါ့အပေါ်မှာ ဘာအခွင့်အရေးမှ မယူဘူး၊ သိပ် ထိန်းချုပ်နိုင်တယ်၊ ဟိုတစ်ခါ သူ့အဖေရဲ့ ဆိုက်ထဲ





ကို ငါ့ခေါ်သွားတဲ့နေ့ကလည်း ဒါလီ ကားပေါ်မှာ ခဏစောင့်နေနော်တဲ့၊ ဆိုက်ထဲက လူတွေက ဒါလီကို ကိုညီ့အမျိုးသမီး ထင်နေကြဦးမယ်လို့ ပြောတယ် မဆွေ'

'သူ့အိမ်က ပြန်သိသွားမှာစိုးလို့လား'

'အဲဒါလည်း ပါချင်ပါမှာပေါ့၊ ဒါလီရဲ့ သိက္ခာကို စောင့်ထိန်းပေးတဲ့သဘောလို့ ဒါလီ နားလည်တယ်၊ ဘာမှမဟုတ်သေးဘဲနဲ့ အထင်သေး မခံစေချင်တဲ့ စေတနာလို့ ဒါလီ ခံစားရတယ် မဆွေ'

'အေးနော်… ကိုမြင့်ဝေတောင် နားမလည်ဘူး၊ သူ့အိမ်ကို သူ ဘာလို့ ဒီလောက်ဂရုစိုက်နေရတာလဲ မသိဘူး'

'တစ်ယောက်ယောက်က သဘောဆိုးတဲ့ မိထွေး၊ ပထွေးဖြစ်နေလားမှ မသိတာ'

'ကိုညီက သိပ်ပြီး သိုသိပ်လွန်းအားကြီးတယ်၊ သူ့အကြောင်း တစ်ခွန်းတစ်စတောင် ကိုမြင့်ဝေကို မပြောဖူးဘူးတဲ့'

စာကြည့်ရင်း နားသည့်အချိန်မှာလည်း ကိုညီကို

သတိတရနှင့် ကိုညီ့အကြောင်း ပြောလို့မဝ ဖြစ်ခဲ့ရသေးသည်လေ။

ဘာဖြစ်ဖြစ် စာမေးပွဲတွေပြီးလို့ ကိုမြင့်ဝေကြီး ရောက်လာလျှင်တော့ ကိုညီ ပါလာမှာပါဟု မျှော်လင့်စိတ်ကူးယဉ်မိသည်ပဲ။

*

ကိုညီတို့ကျောင်းမှ စာမေးပွဲတွေ အရင်ဖြေလို့ ပြီးသွားခဲ့သည်။

စာမေးပွဲ နောက်ဆုံးနေ့ဖြေလို့အပြီးမှာ ကိုမြင့်ဝေကြီး မဆွေဆီကို ရောက်လာခဲ့၏။ ဘယ်လိုဖြစ်ဖြစ် ကိုမြင့်ဝေကြီးနှင့်အတူ ကိုညီ ပါလာမှာပဲ မျှော်လင့်ချက်ဖြင့် မဆွေလိုပဲ သူမလည်း ပျော်သွားသည်။

'မဆွေ ဧည့်သည်'

ဟု အခန်းဝမှာ ရပ်ရင်း၊ သူငယ်ချင်းတစ်ယောက်က…

'ဟာ… ကိုမြင့်ဝေ လာပြီ'

ဟု မဆွေက အားရဝမ်းသာ ထရပ်သည်။





'ကိုညီရော ပါလာလား မသိဘူး'

နှုတ်မှလျှို့ကျူရင်း သူမပါ မဆွေနှယ် ထရပ်လိုက်၏။ ပြီးမှ ရှက်ရွံ့အားငယ်စိတ်ဖြင့် မျက်နှာကို လွှဲလိုက်သည်။

'ကိုညီ ပါလာမှာပေါ့ ဒါလီရယ်'

မဆွေက ပခုံးဖက်ကာ နှစ်သိမ့်စကားဆိုလိုက်တော့ သူမ၏ အတွင်းစိတ်ကို သူမ လုံခြုံအောင် မထိန်းချုပ်နိုင်ပြီလား တွေးမိပြန်တော့သည်။

'လာ… သွားရအောင်'

'သွားပါဟာ'

'လာပါ… ဘာဖြစ်တာလဲ၊ ကိုညီ ပါလာမှာပါ၊ လာ… လာ…'

မဆွေက အတင်းလက်ဆွဲပြီး အခန်းထဲမှ ထွက်၏။

အဆောင်ပေါ်က ဆင်းကတည်းက ရပ်နေသော ကိုမြင့်ဝေကြီး တစ်ဦးတည်းကို မြင်ရသည်။ ကိုညီ ပါမလာပါလားအသိဖြင့် ရင်ထဲမှာ ဟာစ်ဟာသည်။ ဟိုးအပြင်မှာ ကားရပ်ထားလို့ ကားနားမှာ ကျန်ခဲ့လေမလား အဆောင်ပြင်ကို မျှော်ငေးပြီး ရှာမိပြန်သည်ပဲ။

'ကိုမြင့်ဝေ ကိုညီရော'

သူမအတွက် စာနာနားလည်စွာဖြင့် မဆွေက ကိုမြင့်ဝေကို မေးလိုက်၏။ ချက်ချင်း ပြန်မဖြေဘဲ ကိုမြင့်ဝေပြီး မျက်နှာကွက်ခနဲပျက်တာ သူမ သတိထားဖြစ်ပြန်သည်။

‘ဖြေနိုင်ရဲ့လား ကိုမြင့်ဝေကြီး’

ဟန်လုပ်ကာ သူမ စကားဆိုလိုက်ရသော်လည်း ခံစားမှုကြောင့် ပျက်ချင်ချင် မျက်နှာကတော့ ဖုံးကွယ်ရမည် မထင်ပါ။

‘ဖြေနိုင်ပါတယ် ဒါလီ’

‘ကိုညီရော ဖြေနိုင်ရဲ့လား’

ဆုံထားသောအကြည့်ကို လွှဲကာ ကိုမြင့်ဝေကြီး သက်ပြင်းချတာ တွေ့သည်။

‘ဘာလဲ… ကိုညီက ဘာလို့လိုက်မလာရတာလဲ’

သူမ မေးချင်နေသော စကားကို မဆွေက သူမကိုယ်စား မေးလိုက်ပြန်သည်။

‘ညီညီ စာမေးပွဲမဖြေဘူး ဒါလီ’

‘ဟင်…’

‘ဘာဖြစ်လို့’

‘ကိုယ် မဆွေကို ပြောခဲ့ဖူးတာပဲ၊ ဒီကောင် နိုင်ငံခြား ပါသွားပြီ’





‘သြော်… သူ့အဖေ ဆေးကုသွားပြီလား’

‘ဟုတ်တယ်’

‘ကြာပြီလား ကိုမြင့်ဝေကြီး’

‘စာမေးပွဲမဖြေခင် သုံးရက်လောက်မှာ ကိုယ် မနေနိုင်လို့ သူ့အိမ်ကို ဖုန်းဆက်လိုက်တယ်၊ အိမ်ဖော်ကောင်မလေး ဖုန်းကိုင်တယ်၊ ဒီနေ့ပဲ နိုင်ငံခြားသွားပြီလို့ ပြောတယ်’

သူမရော မဆွေပါ ဘာမှထပ်မမေးမိတော့။

‘သူ့အဖေ ဆေးကုသခံဖို့ နိုင်ငံခြား သူ လိုက်သွားရမယ်လို့ ကိုယ့်ကိုပြောဖူးတယ်၊ မဆွေ အဲဒီအကြောင်း ပြောပြထားသေးလား’

‘မဆွေ ဒါလီကို အားလုံးပြန်ပြောပြထားပါတယ်’

‘ကိုညီကလည်းဟယ်… နှုတ်ကလေး ‘ဘာလေး တောင်မှ ဆက်မသွားဘူး’

‘ဒါလီ သွားတော့မယ် မဆွေ၊ ကိုမြင့်ဝေကြီး သွားမယ်’

စကားပြန်ကို မစောင့်တော့ဘဲ ချာခနဲလှည့်ထွက်ကာ အဆောင်ပေါ် ပြေးတက်လာခဲ့မိတော့သည်။

အခန်းတံခါးကို ဖွင့်တော့ လက်တွေက တုန်ယင်နေပြီး ချက်ချင်းဖွင့်လို့မရ။

အခန်းတံခါးကို ပြန်ပိတ်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်ရင်း ရှိုက်ကြီးတငင် ငိုလိုက်မိတော့သည်။

■



# (၁၁)

သံယောဇဉ်အစကို ဆွဲထုတ်၍ ကိုညီသည် သူ့နှလုံးသားကို လှုပ်နှိုးသွားခဲ့ပြီလား။

ကိုညီ မရှိတော့သော်ငြား နှလုံးသားကား ဒဏ်ရာတို့ ကျန်ခဲ့လေပြီ။

ပြောခဲ့သည့် စကားလုံးတိုင်းက ရင်ထဲမှာ ရှိနေဆဲလေ။

မိုးမြေမက ကြီးမားကျယ်ပြန့်နိုင်သော မေတ္တာ

ကမ္ဘာပေါ်က ပန်းတွေအားလုံးထက် ပို၍ ရနံ့မွှေးစေနိုင်သော စေတနာ

သံသရာကို ဆွဲဆန့်လို့ရလာနိုင်တဲ့ အလျားထက် ပို၍ ရှည်လျားနိုင်မှာတဲ့ သံယောဇဉ်

အဲဒါတွေအားလုံးကို မသိကျိုးကျွင်ပြုလို့ ကိုညီအဝေးကို ထွက်ခွာသွားပြီတဲ့လား။

ဝေးကွာသွားခြင်းဖြင့် မေ့လျော့သွားစေနိုင်မည် ကိုညီထင်လေပြီလား မသိ။

နှလုံးသား၏ ခံစားမှုများစွာသည်
သဲသောင်ပေါ်က ခြေရာမဟုတ်။
ခွဲခွာခြင်း လှိုင်းပုတ်ရုံမျှဖြင့်တော့
ပျောက်ပျက်သွားမှာတဲ့လား ကိုညီရယ်။

ကျွမ်းဝင်ရင်းနှီးထားသမျှသည် ယာယီတိမ် မဖြစ်ကောင်းကင်ပြာသာ ဖြစ်နေခဲ့သည်။

ခံစားနားလည်ခဲ့သမျှသည် ရေခိုးရေငွေ့ မဟုတ်။ သမုဒ္ဒရာတစ်ခုသာ ဖြစ်နေခဲ့သည်လေ။

■



[ အပိုင်း - နှစ် ]

## (၁)

ဖေဖေ့ကို ဆေးကုသဖို့ ဖေဖေနှင့်အတူ နိုင်ငံခြားကို
ိက်မည် သေချာသည့်နေ့က သူ့ရင်ထဲမှ နှလုံးသည်းပွတ်တို့
ို ဆွဲထုတ်ခံရသည့်နေ့ဟု သူ နားလည်လိုက်ပါသည်။

သစ်စိမ်းချိုးနှယ် ချိုးဖြတ်၊ သံယောဇဉ်ပြတ်သူဟု
ူကို မြဒါလီ ထင်ရော့မည်။

သူ့ဘစသူ နားလည်စွာ ချစ်ခွင့်မပန်ခဲ့မိသည်မှာ
ကောင်းလှပြီဟု တွေးမိသေး၏။ သို့သော်ငြား နှလုံးသား
ှိသည် နှုတ်ဖျားစကားဖြင့်သာ နားလည်နိုင်သည့် ဘာသာ
ာတ်မှန်း သိပြန်၏။ သူ့ရင်ထဲက စကား၊ ကိုယ့်ရင်ထဲက

စကား၊ နှလုံးသားနားတို့ဖြင့် ကြားနိုင်စွမ်းသည်ပဲ။ မြဒါလီ သည် သူ့ရင်ထဲကို ထိုးထွင်းသိမြင်ပြီး ဖြစ်မည်ထင်သည်။

သတ္တိနည်းသူ၊ မပြတ်သားသူ၊ ကိုယ့်ခံစားမှုကို ကိုယ် အလေးမထားတတ်သူဟု ဖြူစူနာကြည်းခဲ့လျှင်လည်း သူ ရင်စည်း၍ခံရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့။

ဝေးကြပြီပေါ့ဟု တွေးကာ ရင်၌ နာကျင်ရပြန်သည်။

သူများနှင့်မတူခဲ့သော သူ့ဘဝကို မြဒါလီ နားလည် အောင်လည်း သူ မပြောပြဖြစ်ခဲ့။

ဖြစ်ပျက်ခဲ့သမျှတို့သည် အိပ်မက်မဟုတ်။ သူ့ဘဝ တစ်ခုလုံးကို ထာဝရချုပ်ကိုင်လွှမ်းမိုးထားတော့မည်လား။

အရာအားလုံးက ဝိုဝိုသသ အတွေးမှာ ရောက်နေ တော့သည်ပဲ။

■



(၂)

သူ အထက်တန်းကျောင်းသားဘဝလောက်ရောက်မှ ...ဖေဖေတို့က ရန်ကုန်ပြောင်းပြီး အခြေချခဲ့သည်။ ဟိုးအရင် ...တည်းက ရန်ကုန်မှာ ဝယ်ထားသော အိမ်ကို ပြောင်းခဲ့ကာ ...သိမှ ဆန်စက်တွေဖြုတ်လိုက်ပြီး ရန်ကုန်မှာ ကုမ္ပဏီတွေ ...ထောင်ကာ စီးပွားရေးလောကထဲ ဝင်သည်။

သူ လေးငါးနှစ်လောက်အထိ နေထိုင်ခဲ့ဖူးရာ ဆန် ...က်ကြီးကို အတွေးမှာမြင်သည်။ မြို့ပြင်ကွက်သစ်နှင့် တစ် ...က်တစ်စပ်တည်းရှိသော ဒီဆန်စက်ဝင်းကြီးထဲမှာ သူ့ကို ...ဖွားခဲ့သည်လေ။ သူ့အဖေရင်း၊ အမေရင်းတွေက သည် ...စက်ကြီးကို စောင့်ရသော ဆန်စက်ထဲမှ လူယုံအလုပ်

သမားလင်မယား ဖြစ်သည်။ ဆန်စက်ကိုမရောက်ခင်က ပျံကျ လုပ်ကိုင်စားရင်း ဘဝက ကြမ်းတမ်းလှသဖြင့် သူ့အထက်က အစ်ကိုတစ်ဦး မသေသင့်ဘဲ သေဆုံးခဲ့ရသည်ဟု သူ ကြားခဲ့ဖူးသည်။

ဆန်စက်ထဲကို တစ်ခါတစ်ရံ လိုက်လာတတ်သော ကိုကိုနှင့်တော့ သူ တွေ့ဖူးဆုံဖူးသည်။ သူ့ထက် နှစ်နှစ်သုံးနှစ်လောက် ကြီးမည်ဖြစ်၏။

သည်တုန်းက သူ့နာမည်က ညီညီ။

ကိုကို့နာမည်က မျိုးဇော်ထွန်း။

ဆန်စက်သူဌေး ဦးဇော်ထွန်းရဲ့ တစ်ဦးတည်းသောသား မျိုးဇော်ထွန်း။

သူ့ဘဝ အပြောင်းအလဲဖြစ်မည့်နေ့ကို ကိုကိုက သူ့ကို ပြောပြခဲ့ဖူးတာ ပြန်သတိရနေပြန်သည်။

*

'ညက ကွက်သစ်မှာ မီးလောင်တယ်ကြားတယ် မီးသတ်ကို ဆက်မေးတော့ လေး၊ ငါးအိမ်တည်း၊ အခု မီးငြိမ်းသွားပါပြီဆိုလို့ ငါလည်း ရောက်မလာခဲ့တာ'





ဖေဖေ ပြောနေသံကို မျိုးဇော်ထွန်း ကြားနေရ၏။

သူတို့ဆန်စက်နှင့် မီးလောင်သည့် ကွက်သစ်သည် ဆက်စပ်လျက်ဆိုတာ မျိုးဇော်ထွန်း သိသည်။

'နေပါဦးကွ… မောင်သန်းတို့လင်မယားက ဘယ်လို ဖြစ်ရတာလဲ၊ စိတ်မကောင်းလိုက်တာဟယ်၊ ငါ မနက်က ကြားကြားချင်း လာမလို့ပဲ၊ အခု နင်ရောက် လာလို့'

မေမေက ဆန်စက်အလုပ်သမား ဦးကြီးကို ကြည့်ရင်း မေးသည်။

မျိုးဇော်ထွန်းက ဧည့်သည်များမှာ ကစားနေရင်း ကြားနေရသည်။

'ကျွန်တော်တို့လည်း မနက်မှ သိရတာ မမခင်၊ ရပ်ကွက်မီးလောင်တော့ ကျွန်တော်တို့တန်းလျားတွေက အကုန်လန့်နိုးကြတာပေါ့၊ ဒါပေမဲ့ ကြားထဲမှာ ဂိုဒေါင်တွေလည်း ခံနေသေးတယ်၊ ကိုယ့်ဆီမရောက်နိုင်ပါဘူးဆိုပြီး ကြည့်နေကြတာ၊ မောင်သန်းတို့လင်မယား ထွက်သွားတာလည်း မသိလိုက်ဘူး၊ ဦးသိန်းကြီးပဲ သိလိုက်တယ် ပြောတယ်'

'မီးလောင်တဲ့နေရာ ကိုလား'

'ဟုတ်တယ် မမခင်၊ ဘယ်သွားမှာလဲ ဦးသိန်းကြီးက မေးတော့ မီးကူငြိမ်းပေးမှ ဖြစ်မှာပေါ့၊ ခြံစည်းရိုးနားက ဂိုဒေါင်ပျက်က မီးလောင်တဲ့နေရာနဲ့ အရမ်းနီးနေတယ်၊ ဂိုဒေါင်ပျက် မီးကူးရင် ဆန်စက်တစ်ဝင်းလုံး ပါတော့မှာလို့ ပြောပြီး ထွက်သွားကြတာတဲ့'

'ဖြစ်မှဖြစ်ရလေဟယ်'

'ဟုတ်တယ်၊ ငါလည်း အတွေးထဲမှာ ဂိုဒေါင်ပျက်နဲ့ ရပ်ကွက် နီးနေလို့ အတော်လေးစိုးရိမ်သွားတာ။ မောင်သန်းတို့လင်မယား တွေးတာ မှန်တယ်'

ဖေဖေ ဝင်ပြောသံ ကြားရ၏။

'မနက်ကတော့ ရပ်ကွက်ကလူတွေ ပြောနေကြတာ။ ယောက်ျားက မီးလောင်နေတဲ့ အိမ်ထဲက အဘွားကြီးကို ဝင်ဆွဲတယ်၊ ထွက်မလာတော့ မိန်းမကပါ လိုက်သွားတယ် ပြောတာပဲ၊ အဘွားကြီးရော သူတို့လင်မယားပါ မီးထဲက ထွက်မလာနိုင်ဘူးတဲ့၊ သနားပါတယ်'

'ဒီလင်မယားဟာ လူမှုရေးစိတ်အပြည့်ရှိတယ်'





'ငါ စိတ်မကောင်းတာက ဂိုဒေါင်မီးကူးမှာစိုးပြီး ထွက်သွားတာကွ၊ တို့ပစ္စည်းကို သူတို့ပစ္စည်းလို သဘောထားပြီး ကာကွယ်ချင်စိတ် ရှိကြတယ်'

ဖေဖေက မေမေ့ကို လှမ်းပြောသည်။

'မေမေ ဦးလေးသန်းတို့လင်မယား ဘာဖြစ်တာလဲ'

မျိုးဇော်ထွန်းက အနားရောက်လာပြီး မေးသည်။

'ညက မီးလောင်တဲ့အထဲ ပါသွားလို့ သေပြီတဲ့ သား၊ မေမေတို့ဆန်စက် မီးကူးမှာစိုးလို့ မီးဝင်ငြိမ်းပေးတာတဲ့'

မေမေ့အသံမှာလည်း စိတ်မကောင်းသံ။

'ဟင်... ဒါဆို ညီညီတစ်ယောက်တည်း ကျန်တော့မှာပေါ့'

မျိုးဇော်ထွန်း စကားကြောင့် မေမေ ရုတ်တရက် သတိဝင်သွားဟန် ဖေဖေ့ကို လှမ်းကြည့်ရင်း...

'အဲ... ဟုတ်ပါရဲ့၊ သူတို့သားလေး ညီညီရော၊ ညီညီ ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

'မမခင်ရယ်... အခုတော့ ကလေးက တင်ငိုငိုနဲ့ပေါ့၊

လောလောဆယ်တော့ အိမ်ဘေးက ဦးသိန်းကြီးတို့
လင်မယားဆီမှာ၊ ဘာဆက်လုပ်ရမှန်းမသိဘူး ဖြစ်နေ
ကြတယ်လေ'

'အေး... ဟုတ်သားပဲ၊ ကလေးက တစ်ယောက်
တည်း ကျန်ခဲ့တာပဲ'

ဖေဖေက တွေးတွေးဆဆ ပြောသည်။

'ဘယ်ဇာတိကလဲ မသိဘူး၊ ဆန်စက်ထဲ ရောက်လာ
ကြတော့လည်း သူတို့လင်မယား မိသားစုချည်းပဲ
ဆွေမရှိ မျိုးမရှိတွေ'

မေမေကလည်း စိုးရိမ်တွေးဝင်သည်။

'သားနဲ့ ရွယ်တူလား'

'သားထက် နှစ်နှစ်၊ သုံးနှစ်တော့ ငယ်မယ်ထင်
တယ်'

ဖေဖေ့ကို မေမေက ဖြေသည်။

'ညီညီက သားထက်ငယ်တယ် မေမေ'

မျိုးဇော်ထွန်းက ဝင်ပြောလိုက်သေး၏။

'ဘယ်လိုလုပ်ကြမလဲ၊ ကလေးက သနားစရာ'

မေမေ စကားအဆုံး ဖေဖေက လေပူကို မှုတ်ထုတ်





သည်။ ခဏစဉ်းစားဟန်ပြု၏။ ပြီးမှ ဆန်စက်ထဲမှ အလုပ်
သမားကြီးဘက်ကို လှည့်ကာ...

'ဒီလိုလုပ်ကွာ၊ ကလေးကို လောလောဆယ် ငါ့အိမ်
ခေါ်လာခဲ့၊ ငါပဲ မွေးထားမယ်၊ နောင် သူ့ဆွေမျိုး
သားချင်း ပေါ်လာရင်ဖြစ်စေ၊ စာချုပ်စာတန်းနဲ့
မွေးစားချင်တဲ့သူ ပေါ်လာရင်ဖြစ်စေ အဲဒီအခါကျ
တော့ တစ်မျိုး စီစဉ်တာပေါ့'

ပြောပြီး မေမေ့ကို လှမ်းကြည့်သည်။

'ဟုတ်တယ်၊ ကျွန်မတို့မှာ တာဝန်ရှိတာပဲ၊ ပြီးတော့
ပြောရရင် ကျွန်မတို့ အကျိုးစီးပွားကို ကာကွယ်ချင်တဲ့
စိတ်နဲ့ မီးငြိမ်းဖို့ထွက်သွားကြတာ၊ ဟိုမှာလည်း ဒုက္ခ
ရောက်နေတဲ့သူကို ဝင်ပြီးကယ်ရင်း သေကြရတာဆို
တော့ ကလေးကို ကျွန်မတို့ စောင့်ရှောက်ထားသင့်
တာပေါ့'

'အေးပေါ့ကွာ... သူ့ဆွေမျိုးတွေ၊ ဘာတွေ ပေါ်လာ
ချင်လည်း ပေါ်လာမှာ'

'ဦးလေး မောင်သန်းတို့လင်မယားက ဟိုးတစ်နယ်
တကျေးက ပျံကျလုပ်ရင်း ဒီရောက်လာကြတာ၊

ဘာဆွေမျိုးမှလည်း မရှိဘူးလို့ သူတို့ ပြောဖူးတယ်'

'ဟော…'

ဆန်စက်ထဲမှ အလုပ်သမားကြီးက ဖေဖေ့ကို ရှင်းပြလိုက်၏။

'အေးကွာ… ဘာဖြစ်ဖြစ် ကလေးကို အခု မင်း သွားခေါ်ချေ'

ဖေဖေက သူ့တပည့် အလုပ်သမားကြီးကို ပြောသည်။

'ဟာ… ညီညီရောက်လာရင် သားတော့ အဖော်ရတာပဲ၊ ညီညီက သားကိုလည်း ခင်တယ်၊ ဆန်စက်ထဲကို သားရောက်တိုင်း ညီညီနဲ့ ဆော့ကြတာ'

မျိုးဇော်ထွန်းက ပျော်ရွှင်စွာ ထအော်ပြောသည်။

'သားအတွက် ညီလေးတစ်ယောက် ရတာပေါ့ကွယ်'

ဟု မေမေက သူ့ကိုကြည့်ရင်း လှမ်းပြောလိုက်၏။

မျိုးဇော်ထွန်းက ညီမလေးတစ်ယောက်လောက် မွေးပေးစမ်းပါဟု မေမေ့ကို ပူဆာခဲ့ဖူးသည်ပင်။

ဆရာဝန်ကြီးက နောက်ထပ် ကလေးမမွေးရတော့ဘူး၊ မွေးရင် သေတတ်တယ်တဲ့။ သားကိုတောင် မေမေ





ဒိုက်ခွဲမွေးရတာဟု မေမေက ပြောခဲ့ဖူးသည်။

အခုတော့ သူလိုချင်သည့် ညီတစ်ယောက် ရပြီဟု မျိုးဇော်ထွန်း ပျော်နေတော့၏။

*

မီးလောင်ပြီး နောက်တစ်နေ့မှာ သူ့ကို မွေးစားဖြစ်သွားပုံကို ကိုကိုက စိတ်လိုလက်ရ ပြန်ပြောပြတာ သူ့နှလုံးသားထဲမှာ စွဲထင်နေခဲ့ရသည်လေ။

*

## (၃)

အစပထမတော့ ဆွေမျိုးသားချင်းတွေ လာခေါ်လျှင် ထည့်လိုက်မည်ဟု ပြောထားသော်လည်း နောက်ပိုင်းကျတော့ လာခေါ်မှာကို မေမေတို့ စိုးရိမ်နေခဲ့ကြပြန်သည်။ တကယ် မွေးစားချင်သူရှိပါက ပေးလိုက်မည် အစက ဆိုခဲ့သော်လည်း သည်စကားကို ပြောသံ ထပ်၍မကြားရတော့။

သည်လောက်ကြာမှတော့ ဘာဆွေဘာမျိုးမှ ပေါ်လာကြတော့မယ်လည်း မထင်ပါဘူး။ ပေါ်လာလို့ ထည့်လိုက်ရရင်လည်း ဒုက္ခပါပဲဟု မေမေက ဖေဖေ့ကို ပြောသံသာ ကြား ရသည်။

သည်လိုနှင့် သူ့ကို အမွေစား အမွေခံ မွေးစားသား အဖြစ် မွေးရန် ဆုံးဖြတ်လိုက်ကြသည်။





ရှေ့နေရှေ့ရပ်တွေဖြင့် စာချုပ်စာတန်းတွေ လုပ်သည့်နေ့က အားလုံးရှေ့မှာ ကိုကို့ကို ဖေဖေရော မေမေတို့ကပါ အထပ်ထပ် မေးခဲ့ကြတာ သူ သတိရသည်။

'သား… ညီညီ့ကို မေမေတို့က ညီအရင်း အမေတို့ရဲ့သားအရင်းအဖြစ် မွေးစားတော့မှာနော်၊ သား သဘောတူရဲ့လား'

'တူပါတယ် မေမေ'

'မဟုတ်ဘူး သား၊ သား သဘောမတူရင် ဖေဖေတို့က မမွေးဘူး၊ သား စဉ်းစားပါဦး'

'သဘောတူပါတယ် ဖေဖေ'

'ဖေဖေတို့ မေမေတို့ သေသွားရင် ဒီအိမ်တွေ ရှိတဲ့ ပစ္စည်းတွေကို သား ထက်ဝက် သူ့ကိုခွဲပေးရမှာနော်၊ သား မနှမြောဘူးလား'

'မနှမြောဘူး ဖေဖေ၊ သားနဲ့ အတူတူ ယူကြမှာပေါ့'

ကိုကိုက အဲဒီလို ပြန်ဖြေခဲ့တာတွေ သူ့နှလုံးသားမှာ စွဲထင်သည်။

'ကဲ… ကဲ… ညီညီ့ကိုလည်း အဖေ နာမည် ဦးဇော်ထွန်းပါအောင် ညီဇော်ထွန်းလို့ နာမည်မှည့်ရမယ်'

အဲဒီ မွေးစားလိုက်တဲ့နေ့မှာပဲ သူ့နာမည် ညီညီကနေ ညီဇော်ထွန်း ဖြစ်သွားခဲ့တော့သည်။

*

စွပ်ကျယ်အကျီအဟောင်း ပွပွကြီးနှင့် နေလာခဲ့ရသည့်ဘဝမှ သေသပ်သားနားစွာ ဝတ်ဆင်ရသော သူဌေးသား ညီဇော်ထွန်း ဖြစ်လာခဲ့သည်။

သူ့ဘဝကို အသစ်တစ်ဖန် မွေးဖွားသန့်စင်ပေးကြသူများအဖြစ် ဖေဖေ မေမေနှင့် ကိုကိုတို့ကို သူ့ရင်ထဲက စွဲထင်၏။

သူ့ဘက်ကလည်း တတ်နိုင်သမျှ သူတို့မျက်နှာကို ကြည့်ပြီး နေတတ်ထိုင်တတ်ဖြစ်အောင် အမြဲသတိထားသည်။

ကိုကို ထမင်းစားဖို့အတွက်ကအစ အိမ်ကလူတွေ မအားလျှင် သူက ခူးခပ်ပြင်ဆင်ပေးသည်။ အိမ်ပေါ်မှာ ရေမလာပါက တစ်အိမ်လုံးချိုးနိုင်ဖို့ သူက ရေတွင်းက ရေတွေခပ်ပြီး အိမ်ပေါ်တင်ပေးသည်။ မေမေမြင်လျှင် သူ့ကို မလုပ်ခိုင်းအမြဲတားသဖြင့် မေမေ မမြင်အောင် သူက ခိုးပြီးလုပ်တတ်၏။

တစ်ခုခုဆိုလျှင် သား ဘာလုပ်ပေးရမလဲ၊ သား





ဘာလုပ်ပေးရမလဲဟု သူ မေးလေ့ရှိပြန်သည်။

'သားက ဒီအိမ်က သားပဲ၊ ကိုကို့လိုပဲ နေခွင့်ရှိတယ်လေ၊ နေရာတကာ သား ဘာမှလုပ်စရာမလိုဘူးကွယ့်'

မေမေက သူ့ကို ပြောသည်။

'သားက ဗီဒီယိုတွေ၊ ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးပါတယ်၊ သူများအိမ်မှာ ရောက်သွားတဲ့ ကောင်လေးတွေ၊ ကောင်မလေးတွေ အနှိပ်စက်ခံရတယ်လေ၊ အဲဒီလို အနှိပ်စက်မခံရအောင် သားက အကုန်လျှောက်လုပ်တာပေါ့'

အဲဒီစကားကို အနားရောက်လာသော ဖေဖေက ကြားသွားသည်။

'သားက သူများအိမ်ရောက်သွားတာ မဟုတ်ဘူးလေ၊ ဒါ သားရဲ့အိမ်ပဲ'

မေမေက ပြောနေစဉ် ဖေဖေက သူ့ရှေ့မှာ ရပ်၏။

'ညီ'

'ဗျာ...'

'ဖေဖေ ပြောတာ ညီ သေသေချာချာနားထောင်၊ ဟုတ်လား'

'ဟုတ်ကဲ့'

'အခု ဖေဖေတို့ မေမေတို့ ပြောင်းပေးထားတဲ့ ညီ့ နာမည်အရင်း အပြည့်အစုံက ဘယ်သူလဲ'

'ညီဇော်ထွန်း'

'အေး… ဟုတ်ပြီ၊ သေသေချာချာ မှတ်ထားနော် သား၊ ဟိုအရင်က မောင်သန်း၊ မရွှေတို့ရဲ့သား ညီညီ မဟုတ်တော့ဘူး၊ ဦးဇော်ထွန်း၊ ဒေါ်ခင်ခင်ကြီးတို့ရဲ့ သား ညီဇော်ထွန်း ဖြစ်သွားပြီ၊ ဟုတ်လား'

'ဟုတ်ကဲ့'

'သားကို အဖေတို့ အမေတို့က စာချုပ်စာတန်းနဲ့ တရားဝင်မွေးလိုက်ပြီလေ၊ သားကြီး မျိုးဇော်ထွန်း နဲ့လည်း ညီအစ်ကိုအရင်း ဖြစ်သွားကြပြီ၊ ကြားရဲ့ လား'

'ဟုတ်ကဲ့'

'အဲဒီတော့ ဒီအိမ်မှာ သားက သူများအိမ်မှာ လာနေ သလို မနေရတော့ဘူး၊ ကိုယ့်အိမ်မှာနေသလို နေရ မယ်၊ ဟုတ်လား ညီ'

ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်၏။

အားမာန်သစ်စာပေ



ဖေဖေ့စကားတို့က သူ့နှလုံးသားကို ပျော့ရွှင်ကြည်နူး စေခဲ့သည်ပဲ။ သူ့ရင်ထဲက သိမ်ငယ်မှုအငုတ်ကို ဖေဖေတို့၏ မေတ္တာဖြင့် ဖုံးအုပ်သွားစေချင်ပါတော့သည်။

■

## (၄)

ကိုကိုနှင့်ပတ်သက်လို့ကလည်း မမေ့နိုင်စရာတွေ
မှာ တစ်ပုံတစ်ပင်။

အမေညို ခြံထဲဝင်ပြီး မာလကာသီး ခိုးခဲ့ကြတာ
တော့ ရယ်လည်း ရယ်ချင်စရာ။

'ညီ… ငါတို့ အမေညိုခြံထဲ ဝင်ရအောင်'

ကျောင်းပိတ်ရက် ဆန်စက်ထဲ လာဆော့ကြရင်း ညီ
ကို ကိုကိုက ပြောသည်။

'ဘာဝင်လုပ်မှာလဲ ကိုကိုရာ၊ ငနီက ဆိုးကဆိုး

ငနီဆိုတာ အမေညိုအိမ်က ခွေး၊ အမေညို ခြံ
ဆန်စက်နှင့် မနီးမဝေးမှာမို့ ညီညီက ငနီအကြောင်း





ကတည်းက သိနေသည်။ အမေညိုတို့ခြံသည် ကျယ်ပြီး ခြံထဲ
မှ စားပင်သီးနှံက စုံ၏။ ဘယ်ကလေးမှ ခြံထဲမဝင်ရဲ။ ခြံထဲ
ရောက်လာလျှင်လည်း ငနီက အလွတ်ပေးမည် မဟုတ်။
ဒါကြောင့် မဝင်ဖို့ ကိုကို့ကို သူ တားလိုက်၏။

'ခွေးပဲကွာ၊ သူက တစ်ချိန်လုံးတော့ စောင့်ကြည့်မနေ
နိုင်ပါဘူး၊ သူ အလစ်မှာ ငါတို့ ဝင်ကြမယ်'

'ဝင်ပြီး ဘာလုပ်မှာလဲ ကိုကို'

'မင်းကလည်း အ,လိုက်တာ၊ မာလကာသီးခိုးမှာ
ပေါ့ကွ'

'ကိုတိုကလည်း အိမ်မှာ မာလကာသီးတွေ အများ
ကြီး၊ ကိုကို စားချင်ရင် ညီ အိမ်ပြန်ယူပေးရမလား၊
မနေ့ကမှ မေမေ ဝယ်လာတာတွေ'

'ဟာ… ညီကလည်း အိမ်က မာလကာသီး မစား
ချင်ပါဘူးကွာ၊ အမေညို ခြံထဲက မာလကာသီးက
ပိုကောင်းတယ်ကွ'

'ဒါဆို အိမ်ပြန်ရောက်မှ အမေညိုခြံထဲကို လူလွှတ်
ပြီး အဝယ်ခိုင်းလိုက်ပေါ့ ကိုကိုရာ'

'ညီရာ… မင်း မသိပါဘူး'

'ဘာလဲ ကိုကို'

'ခိုးစားရတာ ပိုကောင်းတယ်ကွ'

'ဟာ… ကိုကိုကလည်း၊ သူများပစ္စည်း မခိုးရဘူး လို့ မေမေတို့ ပြောထားတာလေ'

'ဘာလဲ ညီ၊ မင်း သတ္တိမရှိဘူးလား၊ မင်း ငနီကို ကြောက်တယ် မဟုတ်လား၊ အမေညို မိပြီး ရိုက်မှာ ကြောက်တယ် မဟုတ်လား၊ ပြီးရော ဒါဆိုလည်း နေခဲ့၊ ငါတစ်ယောက်တည်း သွားခိုးမယ်'

စကားဆုံးတော့ ကိုကို သူ့ကိုထားခဲ့ပြီး ထွက်သွားသည်။

ကိုကိုက ဇွတ်တရွတ်သမားမို့ တားလို့ရတော့မည် မဟုတ်မှန်း သူ နားလည်လိုက်သည်။

အနီးအနားမှာရှိသော တုတ်တစ်ချောင်းကို ကောက် ယူပြီး ကိုကို့နောက်ကို ပြေးလိုက်ခဲ့၏။ ကွက်သစ်မှာ အမေညို ခြံသည် အကျယ်ဆုံးနှင့် သီးပင်အစုံဆုံးပင်။

'ကိုကို… နေဦး၊ ဇွတ်မဝင်နဲ့၊ အမေညို အခြေအနေ ကြည့်ဦးကွ'

ကိုကို့ပခုံးကို လှမ်းဆွဲရင်း သူပြောသည်။ အမေညိုက





က သားအမိနှစ်ယောက်တည်း နေတာဖြစ်ပြီး အမေညိုသားက မြို့ထဲမှာ အလုပ်သွားလုပ်ပြီး ညမှ ပြန်ရောက်လာတတ်တာ သူက သိထားပြီး အမေညို တစ်ဦးတည်းရှိသည်မို့ အခြေအနေ ကိုသာကြည့်ရန် လိုမည်။ ပြီးတော့ ငနီကို အရိပ်အကဲကြည့်ရ မည်။

'ကိုကို… ဟိုမှာ၊ ဟိုမှာ… ငနီ… ငနီ'

ငနီက အိမ်ဘေးက ကွပ်ပျစ်ကလေးပေါ်မှာ အိပ်မော ကျနေတာ လှမ်းမြင်ရ၏။

'ဟိုးဘက်ထောင့် ခြံစည်းရိုးပေါက်က ဝင်ရင် ငနီ ငါတို့ကို တွေ့မှာ မဟုတ်ဘူးကွ၊ အဲဒီနေရာက မာလကာပင်တွေနဲ့လည်း နီးတယ်၊ သရက်ပင်တွေ အုပ်ဆိုင်းနေတော့ အမေညိုလည်း လွယ်လွယ်မြင်မှာ မဟုတ်ဘူး၊ လာ… လာ…'

ကိုကိုက ပြောပြီး ရှေ့ကသွားသည်။ သူ ကိုကို့နောက် က လိုက်ခဲ့ရ၏။ ခြံစည်းရိုးမှာ ကလေးတိုးနိုင်ရုံ အပေါက် တွေက ရှိသည်။ ကိုကိုက တိုးဝင်ပြီး ခြံထဲရောက်တော့ ငြိမ်ငြိမ်လေးထိုင်နေတာ တွေ့၏။ သူ လိုက်ဝင်လိုက်၏။ ပြီးတော့ ငနီကို မြင်သာသောနေရာအထိ သွားပြီး ချောင်းကြည့်

သည်။ ငနီ အိပ်မောကျနေဆဲ။

ကိုကိုက ရုတ်တရက်ထရပ်ပြီး အနီးဆုံး မာလကာပင် တစ်ပင်ပေါ် တက်သည်။ သူက လိုက်တက်ရန် နောက်မှပြေးလိုက်၏။

'ညီ မင်းက မတက်နဲ့လေကွာ၊ ကိုကို ခူးပြီး အောက်ပစ်ချပေးမယ်၊ မင်းက ငနီအခြေအနေ စောင့်ကြည့်'

အပင်ပေါ်ရောက်နေသော ကိုကိုက တိုးတိုးလှမ်းပြော၏။

'ဟာ… ကိုကိုကလည်း ငနီ ရောက်လာရင် ညီကို ကိုက်မှာပေါ့'

'မင်းကလည်း တွေးပြီးကြောက်နေနတာပဲ၊ ကြောက်ပဲကွာ'

'ပြီးရော… ပြီးရော'

သူက မာလကာပင်ပေါ် မတက်တော့ဘဲ ငနီဘက်ကို ငေးလိုက်၊ ကိုကို့ကို ငေးလိုက်နှင့် အောက်က စောင့်သည်။ အမေညိုဖြစ်ဖြစ်၊ ငနီဖြစ်ဖြစ် လာလျှင် အချက်ပေးဖို့ ကိုကိုက ပြောသည်။ လက်ထဲက တုတ်ကိုကိုင်ပြီး စောင့်နေရသော်လည်း ကြောက်စိတ်ဖြင့် ရင်က ခုန်နေပြီ။ ခဏကြာတော့





ကိုကို အပင်ပေါ်မှ ဆင်းလာတော့၏။

'အပွသီးတွေ အများကြီးကျန်သေးတယ် ညီရာ၊ ခူးလို့ကို မကုန်ဘူး၊ မနက်ဖြန် လာခူးဦးမယ်'

လုံချည်ကို လည်ပင်းမှာသိုင်းလွယ်ပြီး လုံချည်ထဲမှာ ဘည့်ထားသော မာလကာသီးတွေကို ကြည့်ရင်း ကိုကိုက အားပါးတရ ပြောနေသည်။ သူကတော့ ခြံအပြင်ကို မြန်မြန်ရောက်ဖို့သာ စိတ်စောနေတော့၏။

'ဒီလောက် ကပ်စေးနဲ့ပြီး နှမြောတတ်တဲ့ အမေညို တော့ သိရင် ဘယ်လောက်ဒေါပွမလဲ မသိဘူးကွ၊ သူ့မာလကာသီးတွေကို အမေညိုတွေ့အောင် ပြရအောင် ညီ'

'ဟာ… ကိုကိုကလည်း၊ လာ… လာ… ပြန်ထွက်ရအောင်'

'အမေညိုက သူ့ခြံထဲ ဘယ်သူမှမဝင်ရဲဘူး၊ ဘယ်ကလေးမှ မာလကာသီးမခိုးရဲဘူးတဲ့၊ တော်တော်အပြောကြီးတဲ့ အဘွားကြီးကွ'

'လာကွာ… ကိုကို၊ သွားရအောင်'

'ဖေဖေ ဆန်စက်ထဲလာတုန်းက အမေညိုက ပြော

နေတာ ငါ ကြားတယ်ကွ၊ ဒါကြောင့် ငါ မရရအောင် နိုးပြတယ်၊ သိတယ်မဟုတ်လား ညီ၊ မျိုးဇော်ထွန်း ပါကွ'

'ဟာ… ကိုကို'

'ဘာလဲကွ'

'အမေညို၊ အမေညို၊ ဟိုမှာ အမေညို'

အိမ်ရှေ့ပေါက်မှ ဆင်းလာသော အမေညိုကို လှမ်းမြင်ပြီး သူ ပျာပျာသလဲဖြစ်သည်။ ကိုကိုကလည်း လှမ်းကြည့်ရင်း အမေညိုကို တွေ့၏။

'အမေညို မြင်အောင်လို့ မာလကာသီးတွေ ငါ ပြလိုက်မယ်'

'အမေညို လိုက်ရိုက်မှာပေါ့ကွ၊ ပြေးရအောင်၊ လာ … လာ…'

'ညီ… မင်းက ဝင်တဲ့အပေါက်ကနေ ထွက်၊ ငါက အမေညို မြင်အောင် ရှေ့ပေါက်ကထွက်မယ်'

တားချိန်မရလိုက်၊ စကားဆုံးတာနဲ့ ကိုကိုက ရှေ့ပေါက်ဆီပြေးတော့ သူ ကြောင်ပြီး ကြည့်နေလိုက်သည်။

'အမေညို… ဒီမှာ…ဒီမှာ မာလကာသီးတွေ နိုးလို့ ရပြီဗျ'





ကိုကိုက အပေါက်ဝဆီပြေးရင်း ပါးစပ်ကလည်း အော်သည်။

ကိုကို အော်သံကြားတော့ ငနီက ဟောင်ပြီး ကိုကို့နောက်ကို လိုက်သည်။ အမေညိုက ငနီ… ငနီဟု အော်သံ၊ ဟန့်သံ ကြားသည်။ ငနီက အပြေးမရပ်။ ကိုကို့ကို ငနီကိုက်တော့မှာပဲ အသိဝင်ရင်း ကိုကို ပြေး၊ ပြေးဟု အော်ကာ ငနီနှင့် အနီးဆုံးမှဖြစ်ပြီး သူ ပြေးသည်။ ငနီက သူ့ဘက်ကို အာရုံရောက်ပြီး သူ့ဆီ မာန်ဖီပြီးလာ၏။ ငနီနှင့် မျက်နှာချင်းဆိုင်လိုက်ကာ လက်ထဲမှာ ပါလာသော တုတ်ဖြင့် ယမ်း၏။ ရုတ်တရက် ငနီ တန့်သွားကာ မာန်ဖီသည်။ ပြီးတော့ အတင်းဝင်ကာ သူ့ကို ကိုက်ချိန်မှာတော့ သူ မြေပေါ်လဲကျသွားတော့၏။

အမေညိုက အနားကို ချက်ချင်းရောက်လာကာ ငနီကို ဆွဲလိုက်တော့မှ သူ လူးလဲထလိုက်နိုင်သည်။

ခြံပြင်ရောက်တော့ ကိုကို မရှိတော့ပြီ။ အမေညိုကိုယ်တိုင် သူ့ကို ဆိုက်ကားနှင့်တင်ပြီး အိမ်အရောက်ပို့ပေးသည်။

ကိုကိုကတော့ ဘာမျှမဖြစ်သလို မာလကာသီးကို

မြိန်ရည်ရှက်ရည် စားနေတာမြင်၏။

'ဘယ်လိုကလေးလဲ မသိပါဘူးတော်၊ ခိုးတယ်ဆိုတာ လူမသိအောင် ခိုးရတာ၊ ခုတော့ ခိုးလို့ရကြောင်း အိမ်ရှင်သိအောင် အော်ဟစ်ပြီး ကြွားလိုက်သေး'

မေမေ့ကို တိုင်ပြီး ခြံထဲကအထွက်မှာ အမေညိုက တစ်ကိုယ်တည်းပြောသလို ပြောလိုက်သံကို ဖေဖေရော မေမေပါ ကြားရမည်ပင်။

နောက်နေ့တွေကစပြီး ခွေးရူးကာကွယ်ဆေး သူ့ဗိုက်ပတ်လည်မှာ အထိုးခံရတာကို သူ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်။

ညရောက်တော့ ဖေဖေက သူတို့နှစ်ယောက်ကို စစ်ဆေးတော့သည်။

အမေညို အပြောကြီးတာ မခံချင်လို့ပါ ဖေဖေရာဟု ကိုကို ပြောခဲ့တာ သူ မှတ်မိနေသေးသည်ပဲ။

■



(၅)

ငယ်ငယ်ကတည်းက ကိုကိုက ဘာမဆို အနိုင်ယူချင်သည်။ မရလျှင် ရတဲ့နည်းနှင့် အနိုင်ယူဖို့ ဝန်လေးသူမဟုတ်။ ဘယ်ကစားနည်းမျိုးမဆို အနိုင်ရဖို့ ညစ်ပတ်ငြင်းခုံတတ်သူမို့ သူငယ်ချင်းတော်တော်များများနှင့် ရန်ဖြစ်တတ်သည်။

ထိုနေ့ကတော့ ဖယ်ပုံဖြိုတမ်း ကစားဖြစ်သည်။ ဆန်စက်ရှေ့မှာ ကွက်သစ်က သူငယ်ချင်းတွေဆုံတော့ ကိုကိုနှင့် သူ ပါဝင်ကစားခဲ့၏။

သူတို့နေသည့် ဖေဖေတို့တိုက်ရှိရာ မြို့ထဲက ကလေးတွေက သည်လိုကစားနည်းမျိုးတွေ မကစားကြ။ တောဆန်သည့် ကွက်သစ်လိုနေရာမျိုးက ကလေးတွေသာ ကစားကြသည်မို့ ကိုကိုနှင့် သူ့အတွက် ကစားစရာ အထူးအဆန်းဖြစ်ခဲ့သည်။

လောက်စာလုံးများကို ဝယ်ပြီး အောက်မှ သုံးလုံး၊ အပေါ်မှတစ်လုံးတင်ကာ တစ်ပုံပုံရသည်။ ပြီးမှ အဲဒီ ဇယ်လုံးတွေကို ဂေါ်လီနှင့် ထိအောင်ပစ်ကစားရခြင်းပင်။

ထိုနေ့က ကိုကို ရှုံးပြီး ဆက်စကားစရာမရှိအောင် လောက်စာလုံးတွေ ကုန်သွားခဲ့၏။

'မင်းလောက်စာလုံးတွေ ငါ့ပေး၊ အတူကစားမယ်'

သူ့လွယ်အိတ်ထဲမှ လောက်စာလုံးတွေ ကြည့်ရင်း ကိုကို တောင်းတော့ သူ ပေးလိုက်၏။ ကိုကိုက နှစ်ယောက်စာ ဇယ်ပုံပုံနေတာ သူ ကြည့်နေသည်။

'ကိုကို မင်းပုံတာ တစ်ပုံလိုနေတယ်'

နားနားကပ်လျက် သူ တီးတိုးပြောတော့ ကိုကိုက မကြားသလိုလုပ်ရင်း မျက်နှာထားတင်းတင်းနှင့် သူ့ကိုကြည့်၏။ သူ ဘာမှဆက်မပြောဘဲ နေလိုက်သည်။

နောက်အလှည့်တွေမှာလည်း သည်လိုပင်။ ကိုကိုက ဇယ်ပုံတွေကို တစ်ပုံစ၊ နှစ်ပုံစ လျှော့ပုံနေတာ သူ သတိထားဖြစ်၏။ ကိုကိုက တမင်ညစ်ပတ်နေပြီဆိုတာ သူ သိလိုက်ပြီ။

ပြဿနာဖြစ်ချင်တော့ မောင်အေးက ခေါင်ပုံဖွင့်ပြီး အားလုံးရသည့်အလှည့် ဇယ်ပုံတွေကို ရေတွက်ပြီး မောင်အေး သိမ်း၏။





'နှစ်ပုံလိုတယ်ကွ၊ ဒါ ဓော်ကြီး မင်း လက်ချက်ပဲ'

မောင်အေးက ကိုကို့ရှေ့မှာ ရပ်ရင်း ပြောလိုက်၏။

'ငါ မဟုတ်ပါဘူး'

'မင်း နောက်ဆုံးပုံတာ၊ ကျန်တဲ့ကောင်တွေ ပုံတာ အားလုံးပြည့်တယ်၊ ငါ ကြည့်ထားတာပဲ၊ လိုနေတဲ့ နှစ်ပုံက မင်း ငါ့ကိုပေး'

'ဘာလို့ ပေးရမှာလဲ၊ ငါ မဟုတ်ဘူးပြောနေတာ'

'မပေးဘူးလား ဓော်ကြီး'

'မပေးဘူးကွာ'

'သူခိုးသားဆိုပြီး လူပါးမဝနဲ့၊ ကဲကွာ'

မောင်အေးက ကိုကို့မျက်နှာ လက်သီးနှင့်ထိုးပြီး င်လုံးတော့သည်။ မောင်အေးက ကိုကို့ထက် အသက်ကြီးပြီး လကောင်းသူမို့ ကိုကို့ကို အပေါ်မှခွစီး လက်သီးနှင့်ထိုးနေ တော့သည်။ အနီးအနားကို မျက်စိကစားလိုက်တော့ ထင်းစ စ်ချောင်းကို တွေ့၏။ ပြေးကောက်ယူကာ မောင်အေး ျက်နှာကို သူ ဖြတ်ရိုက်လိုက်သည်။ သွေးတွေ ဖြာခနဲကျပြီး မောင်အေး ဘေးကို လဲကျ၏။ ရန်ဖြစ်နေတယ်ဗျို့ဟု ကျန်တဲ့ သူငယ်ချင်းတွေက အော်သည်။

'ကိုကို… ထ… ထ၊ သွားရအောင်'

ကိုကို့ကို ဆွဲထူပြီး ဆန်စက်ထဲကို ရောက်အောင် ပြန်လာခဲ့ကြ၏။

သူတို့ ဆန်စက်ထဲရောက်ချိန်မှာ ဖေဖေက ပြန်ရောက် ပြင်နေတာနှင့် အခန့်သင့်ပြီး ကားပေါ်တက်ကာ လိုက်လာခဲ့၏။

သူတို့ အိမ်ရောက်ပြီး မကြာခင်မှာတော့ မောင်အေး မိဘတွေ အိမ်လိုက်လာကြသည်။ ဖေဖေနှင့် မေမေတို့ထံ တိုင်ကြသည်။ မေမေက တောင်းပန်ပြီး ဆေးဖိုးဝါးအပြီး လျော်ကြေးပေးလိုက်ရ၏။

'မပြောချင်ဘူး၊ သူဌေးက မွေးစားတိုင်း သူဌေးသား ဖြစ်တာမဟုတ်ဘူး၊ အောက်တန်းစားစိတ်က ပျောက် မှမပျောက်တာ'

အိမ်ပြင်အထွက် မောင်အေးအမေက သူ့ဘက်လှည့် ပြီး ပြောသွားတာ သူကြားသည်။

သူ့နှလုံးသားထဲကို မြားနှင့်ခွင်းလိုက်သည့်နှယ် သည့် စကားက စူးနစ်ကျန်ခဲ့၏။

'နောက် မင်းတို့နှစ်ယောက် ဆန်စက်ထဲ မလိုက်နဲ့





တော့ဘူး၊ အဲ… အနားက ကလေးတွေနဲ့ဆော့ပြီး ရောရောနှောနှော မကစားရတော့ဘူး၊ သားက အဲဒီ ရပ်ကွက်က ကလေး မဟုတ်တော့ဘူးလေ ညီရဲ့၊ သားက မေမေတို့သား ဖြစ်နေပြီ၊ အဲဒီရပ်ကွက်က ကလေးတွေနဲ့ ဖက်ပြီး ရှုံမဖြစ်ရတော့ဘူး၊ ဟုတ် လား'

မေမေက သူ့ကို ဆုံးမ၏။

ကိုကိုကတော့ အဖြစ်မှန်ကို တစ်လုံးတစ်ပါဒမျှဝင်ပြီး မပြော။ ကိုကို့မျက်နှာကို သူ လှမ်းအကြည့်မှာ သူနှင့် ဘာမှ မဆိုင်သလိုပင်။

သူ့နားထဲမှာတော့ မောင်အေး အမေ ပြောသွားသည့် စကားကို ကျယ်လောင်စွာ ကြားနေမိဆဲ။

■

## (၆)

ရန်ကုန်မပြောင်းခင် နယ်မှာနေစဉ်က အမေက ဈေးထဲမှာ ကုန်စုံဆိုင်ဖွင့်ထားသည်။ မေမေ့ဈေးဆိုင်ကို သူက ကူဖွင့်ပေးရ၏။ ကျောင်းမှပြန်လျှင်လည်း အိမ်တန်းမပြန်သေးဘဲ ဈေးထဲဝင်ကာ မေမေ့ဆိုင်ကို အပ်ရသည်။ မေမေကလည်း သူ့ကို စိတ်ချယုံကြည်သည်။

'မင်း ယူပေးရင် မေမေ မသိပါဘူး ညီရာ'

တစ်နေ့တော့ ကိုကိုက သူ့ကို ပိုက်ဆံယူပေးဖို့ ပြော၏။

'မလုပ်ချင်ဘူး ကိုကို'

'ကိုကို လိုနေလို့ပါ'





'ညီ စုထားတဲ့ မုန့်ဖိုးကို ပေးမယ်'

'မရဘူးကွ၊ များများလိုချင်တာ'

'ဒါဆို ညီ မေမေ့ကို တောင်းပေးမယ်'

'တောင်းလို့ ဘယ်ရမလဲကွ၊ အဲဒီလောက်များများ ဘာလုပ်ဖို့လဲ၊ ဘာညာ မေးမှာ'

သူဌေးသားဆိုပြီး ကိုကို့ကို မြှောက်ပင့်ပေါင်းသင်းနေသူတွေက အများအပြား။ ဝင့်ဝင့်ကြွားကြွားနေတတ်သူမို့ ပိုက်ဆံလိုမှာကို သူ သိသည်။

'လုပ်ပါ ညီရာ၊ ပိုက်ဆံရပြီးသိမ်းရင်း ညီ ယူထားလိုက်၊ မေမေက ညီ့ကိုဆို ယုံပါတယ်'

'ဒါတော့ မလုပ်ချင်ဘူး ကိုကို'

'မင်းကလည်းကွာ… မေမေတို့ ပိုက်ဆံဟာ ငါ့ပိုက်ဆံပဲကွ၊ မင်းက ဘာလို့ ကြားထဲက နှမြောနေရတာလဲ'

သူက သားအရင်း သူဌေးသား၊ ငါက မွေးစားသား၊ ပြောသလိုပဲ ငါက ဘာဆိုင်လို့လဲ အတွေးက ရင်ထဲဝင်လာ နှိပ်စက်ပြီ။

'ရတယ် ညီ၊ မင်း ယူမပေးရင်လည်း ငါ့အမေ

ပိုက်ဆံကို ငါ ရအောင်ယူပြမယ်၊ ကြည့်နေ'

ပြောပြီး ကိုကို ထွက်သွားတော့ သူ သက်ပြင်းချမိ၏။

ထိုညနေ ဆိုင်သိမ်းချိန်မှာတော့ ကိုကို ဆိုင်ကို ရောက်လာသည်။

မေမေက ညှို့သည်နှင့် စကားမပြတ်။ ထိုးစံအတိုင်း သူက ငွေတွေရေတွက်ပြီး သိမ်းနေ၏။

မေမေ့ကို နှုတ်ဆက်ပြီး ကိုကိုက သူ့အနား မယောင်မလည် ရောက်လာကာ ငွေတွေကို တစ်ထပ်ကြီး နှိုက်ယူသွားတော့သည်။ သူ ကိုကို့ကို အံ့သြပြီး မော့ကြည့်လိုက်၏။ ကိုကိုက မျက်နှာတင်းတင်းနှင့် သူ့ကို ပြန်ကြည့်ကာ ထွက်သွားသည်။ သူ မေမေ့ကို ပြောမည် စဉ်းစားချိန်မှာ ကိုကို ပြောခဲ့သည့်စကားတွေ ပြန်ကြားယောင်ပြီး မပြောဖြစ်။

ညရောက်တော့ ပိုက်ဆံတွေ လျော့နေတာသိပြီး မေမေက သူ့ကို မေးတော့သည်။

'သား မလာခင်ကလေးက မေမေ ရေထားသေးတယ်၊ ဘာလို့ ဒီလောက်လျော့နေတာလဲ'

သူ ဘာမှမပြောမိ။ ဖေဖေ့အနားမှာ ထိုင်နေသော ကိုကိုက သူ့ကို လှမ်းကြည့်သည်။ သူ့ကို ဘာမှမပြောဖို့ သတိပေးနေကြောင်း ကိုကို့ မျက်လုံးအကြည့်အဓိပ္ပာယ်ကို သူ သိသည်။

'ပြောလေ ညီ'

'ညီ မယူဘူး မေမေ'

'ဒါဆို ဘာလို့ လျော့နေတာလဲ'

မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

'ငါ့သားက မညာတတ်ဘူး၊ သား တကယ်မသိတာလား'

ဖေဖေက လှမ်းမေးတော့ ဖေဖေ့ဆီ အကြည့်ရောက်သော် သူ ဘာမှမပြောမိသေး။

'သား သိပါတယ်၊ ပြောလိုက်'

အကြည့်ဆုံပြီး ဖေဖေက ထပ်ပြောသည်။

'ကိုကို ယူတာ ဖေဖေ'

'ဘာပြောတယ်ကွ ညီ၊ ငါ့ကို ဆွဲမထည့်နဲ့'

'ညီ ရှေ့မှာတင် ကိုကို နှိုက်ယူသွားတာ'

'ဟုတ်လား သား'

'မဟုတ်ဘူး မေမေ၊ သား မယူဘူး'

ဖေဖေက ရုတ်တရက် ထသွားပြီး ကိုကိုရဲ့ ကျောင်း
လွယ်အိတ်ကို ယူလိုက်သည်။ ကိုကို မျက်စိမျက်နှာပျက်
တာ သူ တွေ့၏။ လွယ်အိတ်ကို သွန်ချလိုက်တော့ လွယ်အိတ်
ထဲမှာရှိနေသော ပိုက်ဆံတွေ ထွက်ကျလာသည်။

'မင်း မယူဘူးဆို ဒါ ဘာလဲ'

ဖေဖေက ကိုကို့ကိုကြည့်ရင်း မေးသည်။ ကိုကို့
အကြည့် စူးစူးရဲရဲက သူ့ကို ဝါးစားတော့မလို။

ဖေဖေက ကိုကို့ကိုဆွဲထူလိုက်ပြီး တင်ပါးကို လက်ဝါး
ဖြင့် ဖြန်းခနဲရိုက်လိုက်သည်။

'အဲဒီလိုစရိုက်တွေ ဖေဖေ မကြိုက်ဘူး'

သူ အခန်းထဲက ထွက်လာခဲ့၏။

*

သည်ကိစ္စက နောက်နေ့ထိ ဆက်လာသည်။

ကိုကိုက သူ့ကို ဘာမှမပြောမဆို ဆွဲထိုးလိုက်ပါလေ
သည်။ လက်ဖြင့်ကာပြီး သူ ရှောင်သည်။ ကိုကိုက ဆက်ထိုး
နေတော့ လက်သီးတစ်ချက်က သူ့နှုတ်ခမ်းကို ထိသွား
ကျွင်ခနဲဖြစ်သွားပြီး လက်ဝါးဖြင့် သုတ်လိုက်တော့ လက်ဝါး





မှာ သွေးတွေပေနေတာ တွေ့၏။ သွေးတွေမြင်ပြီး ဒေါသက
ထောင်းခနဲထွက်လာ၏။

'တော်ဗျာ… ကိုကို'

'မတော်တော့ ဘာလုပ်ချင်လဲကွာ၊ မင်းက လူပါးဝ
လို့'

ပြောပြီး ကိုကိုက ထပ်ထိုးသည်။ ကိုကို့ဆီ အတင်း
ပြေးဝင်ပြီး ရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။ ကိုကို နောက်
ကို ဖင်ထိုင်ကျသွားသည်။ နောက်က သစ်သားခုံစောင်းနှင့်
ခေါင်း ထိကာ သွေးတွေ ဖြာခနဲကျလာတာ တွေ့သည်။

သူ အိမ်ပြင်ထွက်လာခဲ့၏။

'ညီညီရယ်… ငါ့သားကို နင် ရက်ရက်စက်စက်'

မေမေက ကိုကို့ခေါင်းကို ဆေးထည့်ပေးရင်း သူ့ကို
ခမ်းအော်ပြောသည်။

ကိုကိုက သူတို့သားအရင်း၊ ငါက သူတို့သား မဟုတ်
ဘူး ချက်ချင်း သတိဝင်ပြီး သိမ်ငယ်သွားသလို အပြစ်ကြီး
တစ်ခုကို ကျူးလွန်မိသူပမာ သူ ခံစားနေရပြန်တော့သည်။

■

## (၇)

ငယ်စဉ်ကတည်းက အဲဒီခံစားမှု အစွဲအလမ်းတွေ [illegible] တစ်စတစ်စနဲ့ ရင်ထဲမှာ သန္ဓေတည်လာခဲ့သည်ပဲ။ အကျိုး [illegible] အခဲပမာ ဖြစ်တည်လျက် ထုထည်က တဖြည်းဖြည်း ကြီး [illegible] လာခဲ့တော့သည်။ ကျေးစူးတရားအတွက် အပြန်အလှန် [illegible] ဖြင့် ဘဝကို ပုံအပ်ပေးဆပ်ရမည်ဟု အသိစိတ်က နိုင်မာသည် [illegible] ကိုကိုနှင့် ပတ်သက်ရမှာကို ကြောက်၍ ရှောင်ရင်း ရှောင် [illegible] တဖြည်းဖြည်း အနေကျဲ၍ အထီးကျန်လာတော့သည်ပဲ။

ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်သည့်အခါမှာ မိမိ [illegible] ရထိုက်သော အမွေအနှစ် ဝေပုံကျဆိုတာကို မိမိ စိတ် [illegible] စား။ ထိုအရာအားလုံး ကိုကို့ကိုပေးကာ မိမိက ဘာမှ [illegible] နေမည် ဆုံးဖြတ်ခဲ့၏။





မြင့်ဝေနှင့်ပတ်သက်ပြီး မြဒါလီကို ရင်းနှီးခွင့်ရလာသောအခါ အမှောင်ထုထဲမှ ကြယ်တစ်ပွင့်ကို လှမ်း၍မြင်ခွင့်ကြုံလိုက်သလိုပင်။ မြဒါလီသည် ဘဝ၏ အိပ်မက်၊ ဘဝ၏ မျှော်လင့်ချက်ဟု ထင်ရင်း ရင်သည် လှုပ်ရှား၏။ စာနာနားလည်ဖော်အဖြစ် တွေးရင်း ကြည်နူးတတ်လာ၏။ အချစ်ဟု နားလည်လက်ခံလိုက်မိသောအခါ ရင်သည် လှုပ်ခါလှုပ်ရှားသည်။

'မင်းဘဝကို အရအဆုံး ဖွင့်ပြောလိုက်၊ ပြီးတော့ ဒါလီကို မင်း ချစ်ရေးဆို၊ ဒါလီက မင်းအချစ်ကို လက်ခံပြီဆိုတာနဲ့ ဒါလီနဲ့ မင်းတို့ ဘဝအသစ်တစ်ခုကို ထူထောင်လိုက်ပေါ့၊ ကျေးဇူးကန်းစရာ မလိုဘူး၊ ဒါပေမဲ့ ကျေးဇူးတရားဆိုတဲ့ လှောင်ချိုင့်ထဲက မင်းထွက်လိုက်ပေါ့၊ မင်းမှာ အလုပ်တစ်ခုခုလုပ်နိုင်တဲ့ အခြေခံရှိပြီပဲ၊ ဘာအမွေတွေမှလည်း မမက်မောနဲ့တော့၊ မင်း ဒါလီကို အားလုံးဖွင့်ပြောလိုက်ရင် ရင်ထဲမှာလည်း ရှင်းသွားမယ်'

ဆန်စက်ထဲက အလုပ်သမား ကိုမောင်သန်း၏ သားညီညီအဖြင့် သူ့ကို အဲဒီလိုပြောသံတွေ ကြားရ၏။

'ဘယ်ဟုတ်မလဲကွာ၊ မင်းဘဝက သူတို့နဲ့ ဘယ်လိုမှ ခွဲခြားရနိုင်သေးတာမှ မဟုတ်တာ၊ ခြေစုံကန်ထွက် သလိုဖြစ်နေမှာပေါ့၊ ကျေးဇူးဆိုတာ ပြန်ဆပ်ကို ဆပ် ရမှာကွ၊ မင်း ဒီဘဝရောက်အောင် ပျိုးထောင်ခဲ့တဲ့ ကျေးဇူးတွေက နည်းသလား၊ မင်းက မင်းဘဝမင်း မပိုင်ပါဘူးကွာ၊ သူတို့အလိုကျ မင်းဘဝကို ထိုးအပ် ထားတာဟာ သူတို့ကို မင်း ကျေးဇူးဆပ်ထားတာပဲ ပေါ့၊ ပြီးတော့ မင်း စဉ်းစား၊ မင်း ဒါလီကိုချစ်ရင် ဘာလို့ သူ စိတ်ဆင်းရဲအောင် လုပ်မှာလဲ၊ ကိုယ့်ဘဝ ကိုယ် မပိုင်တဲ့သူတစ်ယောက်နဲ့ ပတ်သက်လာရမယ် ဆိုလျှင် ဒါလီ ဘယ်လို စိတ်ချမ်းသာနိုင်ပါ့မလဲ၊ မျှသိပ်နိုင်စွမ်းရှိနေတာဟာလည်း ချစ်ခြင်းရဲ့ စွမ်းအင် တစ်ခုပါပဲကွာ'

သူဌေးဦးဇော်ထွန်း၏သား ညီဇော်ထွန်းအဖြစ် အဲဒီလို ပြန်ပြောပြန်သည်။

အဲဒီလို စိတ်ထဲမှာ ပဋိပက္ခတွေ၊ ဝိရောဓိတွေဖြစ်ရင်း ဖြစ်ရင်းနဲ့ပဲ ဖေဖေ ကင်ဆာရောဂါဖြစ်ပြီး ဆေးသွားအကုခံရမှ အခြေအနေ ရောက်လာပါရော။





ဖေဖေနှင့်အတူ သူ လိုက်သွားရမည်ဆိုတော့လည်း သူ ဒါလီကို ဖွင့်မပြောမိသေးတာကပဲ ဒါလီအတွက် ပိုကောင်း သေးသည် တွေးမိပြန်သည်ပဲ။

ခွဲရတော့မည်အသိက ရင်ထဲမှာ တောမီးပမာပျံ့သည်။

မြင့်ဝေက ဘယ်သူ့ကိုမှ သူ နှုတ်ဆက်မနေချင်တော့။

စာမေးပွဲဖြေရတော့မည့်ရက်မို့ အားလုံး၏ စိတ်ထဲမှာ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်စေလိုပြန်။

■

[အပိုင်း - သုံး]

## (၁)

စားသောက်ဆိုင်ဝင်းထဲမှာ ကားရပ်ပြီး ဆိုင်ထဲဝင်လာတော့ သူငယ်ချင်းတွေက စုံနေပြီ။

'ဘယ်လိုလဲ သူငယ်ချင်းရာ၊ သူဌေးဖြစ်ပြီး အလုပ်အရမ်းများနေလား၊ မတွေ့တာ အရမ်းကြာနေပြီ'

မျိုးဇော်ထွန်း ဝင်လာတော့ မတွေ့တာ ကြာပြီဖြစ်သော သူငယ်ချင်းလှမြင့်က လှမ်းအော်သည်။

'သူ့ကံနဲ့သူပဲကွ၊ ဇော်ကြီးက သူဌေးဖြစ်ဖို့ဇာတာပါလာတော့ အဖေက နိုင်ငံခြားသွား ဆေးကုရင်းဆုံးတယ်'

'ညီဇော်ထွန်း ရှိသေးတယ် မဟုတ်လား၊ ဒီကောင့်ညီလေ'

လှမြင့်က မေးသည်။ သူက မောင်မောင်အေးက ခုံအလွတ်မှာ ဝင်ထိုင်၏။ မောင်မောင်က…

'ငါ ဆက်ပြောမှာပေါ့ လှမြင့်ရာ၊ မင်းက လောတာ ကိုးကွ၊ ဒီကောင့်ညီက သူ့အဖေ ဆေးကုသွားတော့ စောင့်ရှောက်ဖို့ လိုက်သွားရတယ်'

'အင်း…'

'သူ့အဖေ သေတော့ ဒီပြန်မလာဘဲ ဟိုမှာပဲ ဒီပလိုမာ တစ်ခုဆက်တက်နေတယ်ကွ၊ ဒါနဲ့ ဒီကောင်က သူ့ပဲ ကျန်ခဲ့ပြီး နေ့ချင်းညချင်း သူဌေးတက်ဖြစ်တော့တာ ပေါ့'

မောင်အောင်က စကားကို အဆုံးသတ်သည်။

'မင်းအမေကရော နေကောင်းတယ် မဟုတ်လား ဖော်ကြီး'

'မေမေက တရားစခန်း ရောက်နေတာ များတယ်ကွ'

'မင်းတစ်ယောက်တည်းပေါ့'

'အလုပ်ထဲက ငါ့တပည့်လေးတစ်ယောက် လာနေ ပေးတယ်၊ မေမေ အိမ်မှာရှိတဲ့အချိန်မှာတော့ ဟိုး အရင်က ထမင်းချက်အဘွားကြီးက ချက်ပြုတ်ပေါ့





ကွာ၊ သူက မေမေနဲ့အတူတူ တရားစခန်းလိုက်တော့ အဲဒီအချိန်မှာတော့ အပြင်မှာပဲ စားတယ်'

'မင်းကလည်း မိန်းမယူလိုက်ပေါ့ကွာ'

တင်ထွန်းက လှမ်းပြောသည်။

'ဟာ… ဒီကောင် သိပ်ကြာမှာ မဟုတ်ဘူးကွ၊ ယူ တော့မှာ၊ တွေ့ထားပြီ'

'မောင်မောင်ရာ… ဒီကောင်တွေ တကယ်ထင်နေပါ ဦးမယ်'

မျိုးဇော်ထွန်းနှင့် မောင်မောင်က တစ်ပတ်တစ်ခါ၊ နှစ်ခါ ဆုံနေကျမို့ အကြောင်းစုံသိနေသူ။

'ကျောင်းတုန်းက မင်း ကြိုက်တဲ့ ကောင်မလေးပဲ လား'

တင်ထွန်းက စပ်စုတော့ မျိုးဇော်ထွန်းက မဟုတ်ပါ ဘူးကွာဟု ရယ်ပြီး ပြောသည်။

'မင်းကလည်း အချင်းချင်းတွေပဲဟာ၊ သေသေချာချာ ပြောပြလိုက်လေကွာ'

ဟု မောင်မောင်က ပြောတော့…

'လုပ်ပါဦး'

ဟု လှမြင့်က ဆက်သည်။

'ဘာမှမဟုတ်ပါဘူးကွာ၊ ရင်းနှီးရုံအဆင့်ပဲ ရှိပါသေးတယ်၊ ငါ့အလုပ်ခန်း ဘေးက အောက်ထပ်မှာ စတိုးဆိုင်တစ်ဆိုင် လာဖွင့်တယ်ကွာ'

'ဘာလဲ… စတိုးဆိုင်က အလုပ်လုပ်တဲ့ ကောင်မလေးလား'

တင်ထွန်းက နောက်လိုက်၏။

'ပိုင်ရှင်ပါကွ'

'အသက်ကြီးကြီး တရုတ်မကြီးပေါ့'

'နေပါဦး လှမြင့်ရာ၊ ဒီကောင် ဆက်ပြောပါလိမ့်မယ်၊ ငါက ဒီကောင့်ဆီ ရောက်နေကျမို့ မြင်ဖူးတယ်ကွ၊ တော်တော်လေးချောတာ'

မောင်မောင့်စကားအဆုံးမှာ ပြောပါဦး ခေါ်ကြီးဟု လှမြင့်က ဆက်သည်။

'ဘယ်ရောက်သွားပြီပဲ'

'စတိုးဆိုင်လာဖွင့်တယ်တဲ့ကွာ'

'အေးကွာ… အရင်က စာအုပ်အရောင်းဆိုင် အဲဒီ စာအုပ်ဆိုင် ပိတ်လိုက်တော့ နောက်ထပ် စတိုးဆိုင်





ဖြစ်လာတယ်၊ လာဖွင့်တဲ့ ပိုင်ရှင်ကောင်မလေးက တော်တော်ချောတယ်ကွာ၊ ငါကလည်း အဲဒီရှေ့က ဖြတ်ပြီး ငါ့ရုံးခန်းကို တက်ရတာ၊ ဒီတော့ ရင်းနှီးသွားတာပေါ့၊ ဒါပဲ'

'ရင်းနှီးရုံပဲလား'

'ရင်းနှီးရုံပါပဲ တင်ထွန်းရာ၊ ငါ သူ့ဆိုင်ထဲက သူ့ရုံးခန်းလေးထဲ ရောက်ဖူးတယ်ကွ၊ စာရေးမလေး တစ်ယောက် ရှိတယ်၊ ငါ့ကို လူကြီးလူကောင်း တစ်ယောက်လို ဆက်ဆံပါတယ်'

'ဖွင့်ပြောလေကွာ၊ မင်း ဘာလို့ အချိန်ဆွဲနေရတာလဲ ခေါ်ကြီး'

'အချိန်ဆွဲနေတာ မဟုတ်ဘူး၊ အချိန်စောင့်နေတာကွ'

မောင်မောင့်ကို သူ ပြောသည်။

'စောင့်ရင်း စောင့်ရင်းနဲ့ ပါသွားဦးမယ်နော်'

တင်ထွန်းကို သူ လှမ်းကြည့် ပြုံးပြလိုက်၏။

'အရမ်းတည်တယ်ကွ၊ ပြီးတော့ စကားစလိုက်တာနဲ့ စကားလွှဲပြီး ရှောင်သွားတယ်၊ မင်းတို့ သိပါတယ်၊ ငါက ဝေ့လည်ကြောင်ပတ်တွေ ကြိုက်တဲ့ကောင်

မဟုတ်ဘူး၊ ဝုန်းဝုန်းဒိုင်းဒိုင်းသမား၊ ငါ့စိတ် ငါသိလို့ မပြောသေးဘဲ စောင့်နေတာ'

'ကျောင်းတုန်းက ဒီလောက်ကြိုက်တဲ့ ကောင်မလေးကို နှစ်ခါလောက်လိုက်ပြောရသေးတယ်၊ လွယ်အိတ်အတင်းဆွဲပြီး စာထည့်ပေးလို့ ကျောင်းအုပ်ကြီးရုံးခန်း ရောက်သွားသေးတယ်လေ၊ ဒီကောင်က ကြမ်းတယ်'

တင်ထွန်းက ရယ်ရင်း ဝင်ပြောသည်။

'နည်းနည်းတော့ စိတ်ရှည်မှပေါ့ကွ'

'မဟုတ်ဘူး လုံမြင့်ရာ၊ ငါတို့က စိတ်ကူးယဉ်သမားတွေ မဟုတ်ဘူး၊ လက်တွေ့သမားတွေ၊ သိပ်လိုချင်ရင် မရရအောင် ယူတတ်တဲ့ကောင်တွေကွ'

'ဒီကောင့်ညီက ကဗျာသမား စာသမား ခပ်အေးအေး'

မောင်မောင်က ပြောတော့···

'ညီဇော်ထွန်းက ပြန်လာခါနီးပြီလား'

'နောက်နှစ်ပတ်လောက်ဆို ဒီကောင် ပြန်လာတော့မှာ၊ ဒီကောင်က သိပ်ပြန်လာချင်ပုံမရဘူး၊ ဟိုမှာ အလုပ်လုပ်ချင်တယ်၊ မေမေက ပြန်လာရမယ် လုပ်ခေါ်လို့'





'ဒီပလိုမာ တက်တာက ပြီးပြီလား'

'ပြီးခဲ့တဲ့ နှစ်လလောက်ကပဲ ပြီးတယ်၊ ပြီးပြီးချင်း အလုပ်ဝင်တယ်လို့ မေမေ့ကို လှမ်းဖုန်းဆက်ပြောတော့ မေမေက မဝင်ရဘူး၊ ပြန်လာရမယ်ဆိုလို့ ဒီကောင်က သားလိမ္မာကွ၊ အိမ်ကစကားတစ်ခုပဲ'

'သုံးနှစ်ဒီပလိုမာနော်'

'ဟုတ်တယ်'

'အေးနော်··· မင်းအဖေ ဆုံးတာ ဘယ်လောက်မှ မကြာသေးဘူး ထင်တာ၊ သုံးနှစ်ကျော်ပြီပေါ့'

မောင်မောင့်ကို လှမ်းကြည့်ပြီး သူ ခေါင်းညိတ်ပြလိုက်သည်။ ဘာမျှတော့ ပြန်မပြောဖြစ်။

ညီ ပြန်ရောက်လာလျှင်တော့ လုပ်ငန်းတချို့ ခွဲဝေပေးလိုက်လျှင် သူ အလုပ်သက်သာသွားမည်ဟု တွေးမိသေးသည်ပဲ။

■

## (၂)

အလုပ်ခန်းမှ ဆင်းပြီး ကားဆီလျှောက်တော့ မြဒါလီတို့ ဆိုင်ရှေ့မှ ဖြတ်လျှောက်ရသည်။ ဆိုင်ထဲမှ ထွက်လာသော မြဒါလီနှင့် သူ ပက်ပင်းဆုံသည်။

'ဟာ… ဒါလီ'

'ဦးဇော်မျိုးထွန်း ဒီနေ့ ပြန်တာ စောသားပဲ'

'ဟုတ်တယ်၊ အလုပ်စောစောပြီးတာနဲ့ ထွက်လာတာ ဒါလီ ပြန်မှာလား'

'ဟုတ်တယ်၊ ဒါလီလည်း စောပြန်မလားလို့'

'ကားမမြင်ပါလား'

ဒါလီ ကားရပ်ထားရာ လှမ်းကြည့်ရင်း သူ မေးသည်။





'ကားပျက်လို့ ပါမလာဘူး'

'ဒါဆို ကျွန်တော် လိုက်ပို့ပါရစေ'

'ဟာ… ရတယ်၊ ကျွန်မ ကားနဲ့ပြန်မှာပါ'

'ဒါလီရာ… အားမနာပါနဲ့ဗျာ'

'မဟုတ်ဘူး၊ ကျွန်မ မစီးချင်လို့ပါ'

'ကျွန်တော် ဒါလီ့ကို စကားပြောစရာလည်း ရှိလို့ပါ'

'ရှင်…'

အံ့သြသွားဟန် မျက်နှာပြောင်းသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်…

'ဒါဆိုလည်း အအေးဆိုင်တစ်ဆိုင် သွားလေ၊ ကျွန်မ လိုက်ခဲ့ပါမယ်'

ဒါလီ၏စိတ်ကို သူ မအံ့သြဘဲမနေနိုင်သလို ဖြစ်သွားမိပြန်၏။ ကားနားရောက်တော့ တံခါးကို ဖွင့်ပေးလိုက်သည်။ တည်တည်ငြိမ်ငြိမ် ကားပေါ်တက်လိုက်သည့် မြဒါလီ၏ အမူအရာကို သူ သတိပြုမိသေးသည်။

*

ဝင်လိုက်သည်နှင့် လေအေးစက်ကြောင့် အေးစိမ့်သွားသည်။ သပ်ရပ်ကျယ်ဝန်း၍ သန့်ရှင်းသည့်ဆိုင်ကလေးပါပဲဟု သတိပြုမိချင်စရာ။

'ဘာသောက်မလဲ ဒါလီ'

'သံပရာပဲ သောက်မယ်'

စားပွဲတစ်လုံးနှင့်တစ်လုံး ခပ်ကျဲကျဲမို့ လွတ်လပ်အေးဆေးစွာ စကားပြောလို့ ကောင်းမည်။ သီချင်းသံငြိမ့်ငြိမ့်လေးက ပျံ့၏။ ဆိုင်ထောင့်မှာ အတွဲတစ်တွဲသာ အအေးသောက်နေကြတာ မြင်သည်။ ဆိုင်ဝန်ထမ်းကလေးကို သံပရာတစ်ခွက်နှင့် လီမွှော်တစ်ခွက် မှာလိုက်၏။

'ကဲ… ပြောစရာရှိတာ ပြောပါ ဦးဇော်မျိုးထွန်း'

မျက်နှာကိုကြည့်ရင်း ဒါလီ နှုတ်မှ အသံထွက်သည်။

'ပထမဆုံးတော့ ရင်းနှီးတဲ့သဘောနဲ့ ကျွန်တော့်ကို သူငယ်ချင်းတွေက ခေါ်သလို ကိုဇော်လို့ပဲ ခေါ်ချင်ပါတယ် ဒါလီ၊ ဦးတပ်ခေါ်လိုက်တာ ခံရရင် အလွန်သဘောဆန်ပြီး တင်းကျပ်လွန်းလို့ပါ'

'ရပါတယ်၊ ရပါတယ်'

ဒါလီက ခပ်ပြုံးပြုံးလေး ပြန်ပြော၏။ ရောက်လာ





သည့် အအေးဖန်ခွက်ကို ရွှေ့တိုးချပေးသည်။

'ဘယ်ကစပြောရမှန်းတောင် မသိဘူး'

အအေးဖန်ခွက်ထဲမှ ပိုက်တံကို မွှေရင်း သူ စကားစရှာမရအောင် ဖြစ်နေပြီ။

'ပြောစရာရှိတာသာ ပြောပါ ကိုဇော်၊ ဒါလီက ပွင့်ပွင့်လင်းလင်းသမားပါ၊ ကိုဇော် ပြောတာကို စိတ်ဆိုးမာန်ဆိုး ပြန်တုံ့ပြန်မယ့်အရွယ်လည်း မဟုတ်တော့ဘူးလေ'

သူ ဘာပြောရမည်ကို ဒါလီ သိနေတာပဲဟု အားပေးရင်း စိတ်တင်းသည်။ သူက ကျောင်းတုန်းက တစ်ခါမိန်းကလေးတစ်ယောက်ကို ကြိုက်မိပြီး ပြသနာတက်ကာ ရုံးခန်းရောက်ပြီးကတည်းက ဘယ်မိန်းမကိုမှလည်း မကြိုက်တော့။ မလိုက်တော့။ မိန်းကလေးတွေနှင့်လည်း အရောတဝင်မနေတတ်။ မြဒါလီကို တွေ့ရတော့မှ သူ့နှလုံးသားက လန့်နိုးလာသလို။

'ပြောလေ ကိုဇော်'

'ကျွန်တော် သွယ်ဝိုက်မပြောတတ်ဘူးဗျာ၊ ကျွန်တော် ဒါလီ့ကို ချစ်တယ်၊ အဲ… ဒါ…'

သူ့စိတ်တွေ လှုပ်လှုပ်ရှားရှားဖြစ်နေတာ ဒါလီ ရိပ်မိပုံရ၏။ သူ့ကို တည်တည်ငြိမ်ငြိမ်နှင့် ခပ်ပြုံးပြုံးနားထောင်ရင်း ကြည့်နေတာ တွေ့သည်။ ဒါလီကို ကြည့်ရသည်မှာ ဘာမှ ထူးထူးခြားခြားမဟုတ်သည့် အလုပ်စကားတစ်ခုကို နားထောင်နေရသလို။

'ကိုဇော်… ဒါလီ့ကို တကယ်ချစ်တာပါ ဒါလီ၊ ကိုဇော်က မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ဒီလို တစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူး'

အရဲစွန့်ပြီး သူက ထပ်ပြောလိုက်၏။

'ဒါပဲမဟုတ်လား ကိုဇော်'

'ဟုတ်တယ်၊ ဒါပဲ ဒါလီ'

'ပြောပြီးရင် အဖြေတောင်းရတယ်လေ၊ ဒါလီ့အဖြေကို မတောင်းတော့ဘူးလား'

မျက်နှာကိုကြည့်ရင်း အံ့သြနေမိပြန်သည်။

'ကိုဇော်ပြောတာ ဒါလီ စိတ်မဆိုးပါဘူး၊ ကိုဇော်ရဲ့ အခွင့်အရေးပဲ၊ ဒါလီ့ဘက်ကလည်း ဒါလီ ကြိုက်တဲ့ အဖြေ ပြန်ပေးနိုင်တာ ဒါလီရဲ့ အခွင့်အရေးလေ'

'ကိုဇော် လောမကြီးပါဘူး ဒါလီ၊ ဒါလီ အချိန်ယူ





စဉ်းစားချင် စဉ်းစားပါ'

ဒါလီထံမှ တိုးတိုးလျလျရယ်သံ ထွက်လာ၏။

'ဒါလီနဲ့ ကိုဇော်က တရင်းတနှီး ငယ်ပေါင်းတွေ မဟုတ်တော့ ဒါလီ့အကြောင်း မသိဘူးပေါ့၊ ဒါလီက တစ်မျိုး ကိုဇော်၊ ဟန်မဆောင်ချင်ဘူး၊ ဟန်ဆောင်တာ မကြိုက်ဘူး၊ ပြီးတော့ ကိုယ့်ကို ချစ်တယ်လို့ ပြောတဲ့ ယောကျ်ားတွေရဲ့စကားမှာ မယစ်မူးတတ်ပါဘူး၊ ပြီးတော့ ချစ်တယ်၊ မချစ်ဘူးဆိုတဲ့ အဖြေက ဦးနှောက်ကလာတာထက် နှလုံးသားက ခံစားပြီးလာတာလို့ ဒါလီက ယုံထားတယ်လေ၊ အဲဒီခံစားမှုက လာတဲ့အဖြေက မှန်ချင် မှန်မယ်၊ မှားချင် မှားမယ်၊ ညာပြီးပေးတဲ့အဖြေ မဟုတ်တာ အသေအချာပဲ၊ အဲ… လက်ထပ်တာကတော့ ဦးနှောက်အလုပ်မို့ ဦးနှောက်က လုပ်မှာပေါ့လေ'

'ဒါလီ'

'ပြော ကိုဇော်'

'အဲဒီ နှလုံးသားတွေ ဘာတွေကိစ္စ ကိုဇော် မကျွမ်းကျင်ပါဘူး၊ ကိုဇော် ဒါလီကို ချစ်တယ်ဆိုတာကိုပဲ သိတာ'

'အဲဒါ ကိုဇော်ရဲ့ နှလုံးသားကိစ္စပဲပေါ့'

'အင်း… ပြောပါဦး'

'ကိုဇော် ပြောသလို စဉ်းစားဦးမယ်၊ အချိန်ပေးပါဦး တို့ ဘာတို့ ပြောပြီး ဒါလီ အချိန်မဆွဲတတ်ပါဘူး ဒါလို့နှလုံးသားထဲမှာ အဖြေက အသင့်ရှိပြီးသားပဲ ဒါလီ ကိုဇော့်ကို အဖြေ ခုချက်ချင်းပေးပါ့မယ်၊ ဒါလီ ကိုဇော့်ကို မချစ်ပါဘူး'

ကြားလိုက်ရသည့် စကားကြောင့် ရှက်သလို ဒေါသဖြစ်သလို ခံစားလိုက်ရသည်မှာ အမှန်။

ရင်မှ ဒေါသမာနတို့ကြောင့် မျက်နှာက တင်းခနဲဖြစ်သွားသည်။

သတိဝင်ရင်း စိတ်ကို လျှော့ချလိုက်ရသည်။

'ကိုဇော့်ကို အခွင့်အရေးတစ်ခုတော့ ပေးပါ ဒါလီရယ်'

'ပြော ကိုဇော်'

'ဟုတ်ပြီ… ဒါလီ မချစ်ရင်လည်း ရပါတယ်၊ ဒါပေမဲ့ ကိုဇော်ကတော့ ဆက်ချစ်နေပါရစေ၊ ကိုဇော့်အပေါ်ကြောင့် ဒါလီကို ဘာမှ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး'





'ကိုဇော် ချစ်တာက ကိုဇော့်ရဲ့ အခွင့်အရေးလေ၊ ရပါတယ်'

'ဒါဆို ချစ်သူလို မဟုတ်တောင်မှ မိတ်ဆွေကောင်းတစ်ယောက်လို သူငယ်ချင်းကောင်းတစ်ယောက်လိုတော့ လက်ခံထားပါ ဒါလီရယ်၊ ကျွန်တော် မနေနိုင်လို့ ရင်ဖွင့်တဲ့အခါမျိုးမှာပဲ ဒုက္ခခံပြီး နားထောင်ပေးစေချင်တယ်'

ဒါလီက ပြုံးပြီး ခေါင်းညိတ်ပြတာ တွေ့ရ၏။

'ကိုဇော်က လူကြီးလူကောင်းပဲ၊ ဒါလီအတွက် မိတ်ဆွေကောင်းလို့ လက်ခံမှာပါ'

သူ ကျေကျေနပ်နပ်ပင် ခေါင်းညိတ်နေလိုက်သည်။

■

## (၃)

‘ပထမတော့ ဒီလိုပဲပြောမှာပေါ့ကွာ၊ အားမလျှော့ပါနဲ့’

ဘီယာဆိုင်မှာ ဆုံဖြစ်တော့ မောင်မောင်က အားပေးသည်။

‘တော်တော်စိတ်ညစ်သွားတယ်ကွ၊ ရှက်လည်း ရှက်သွားတယ်’

‘ဘာမှစိတ်မညစ်နဲ့၊ ရှက်လည်း မရှက်နဲ့၊ မောင်မောင် ပြောသလိုပဲ ပထမတော့ ငြင်းတဲ့မိန်းမချည်းပဲ၊ တချို့ဆို သုံး၊ လေးနှစ်ကြာအောင် ပိုးမှ ရကြတာ’





‘ငါတော့ စိတ်မရှည်ပါဘူး တင်ထွန်းရာ၊ အဲဒီလောက် ကြာလည်း သည်းမခံနိုင်ဘူး’

‘သည်းခံရမှာကိုကွ’

‘ကားတင်ပြေးမယ်ကွာ’

‘ဟာ… မင်းကလည်း’

‘ဒီကောင်က လုပ်ချင်လုပ်မယ့်ကောင်၊ တဖွတ်ထိုးသမား’

တရင်းတနှီးပေါင်းသူမို့ မောင်မောင်က သူ့အကြောင်း အသိဆုံးပင်။

‘နေပါဦးကွ၊ စောစောက မင်းပြောခဲ့တဲ့ စကားတွေထဲမှာ နောက်ဆုံး မင်းက အချိုသတ်ပြီးတော့ ဒေါသမဖြစ်သလိုနဲ့ ဒါလီကို ပြန်ကပ်လိုက်တာ ငါ မသကာဘူး ခေါ်ကြီး’

လှမ်းမေးလိုက်သော မောင်မောင့်မျက်နှာကို သူ လှမ်းကြည့်လိုက်၏။

‘ရိုးရိုးပါကွာ’

‘မဖြစ်နိုင်ဘူး ခေါ်ကြီး၊ မင်းက စိတ်ကို ထိန်းချုပ်နိုင်တဲ့ကောင် မဟုတ်ဘူး၊ ဒါ မင်း အကြောင်းရှိလို့

အားမာန်သစ်စာပေ

ဒေါသကိုထိန်းလိုက်တာ ငါ သိတယ်'

'အေး… အမှန်ပဲ မောင်မောင်၊ ငါက ထုံးစံအတိုင်း ဒေါသစကား၊ မာနစကား ပြန်ပြောရင် ပွဲကပြီးသွားပြီလေ၊ ဒါကြောင့် ငါ ပြန်အချိုသတ်လိုက်တာပဲ၊ မချစ်ချင် နေကွာ၊ ငါ့ကို သူ ယုံကြည်တယ်ဆိုရင် ငါ ကြံချင်တာ ကြံလို့ရနိုင်တာပဲ'

'ကြည့်လည်းလုပ်နော် ဇော်ကြီး၊ မင်း ပြောတဲ့အတိုင်းဆို ဟိုကောင်မလေးကလည်း ခပ်ခွာခွာနေမှာ'

တင်ထွန်းက ဘီယာဖန်ခွက်ပြန်ချရင်း ပြောလိုက်၏။

'မရဘူးဆိုတဲ့ကိစ္စကို ငါကလည်း မရရအောင် ယူပြချင်တာကွ'

'ဘယ်နည်းနဲ့ရရဆိုရင်တော့ မကောင်းဘူးပေါ့ကွာ၊ တရားနည်းကျတဲ့ နည်းနဲ့ ကြိုးစားတာတော့ ကောင်းတာပေါ့'

'ဒီကောင်ကတော့ ဘယ်လိုနည်းနဲ့ရရ ယူမယ့်ကောင်ကွ'

ဟု မောင်မောင်က တင်ထွန်းကို လှမ်းပြောလိုက်သည်။

■



(၄)

'ငါတော့ ဒါလီကို ခိုးပြေးတော့မယ် မောင်မောင်'

'ဟာ… အဆင်ပြေတာ မြန်လှချည်လားကွ'

ဒီညနေတော့ သူနှင့် မောင်မောင်တို့ နှစ်ယောက်တည်း ဘီယာဆိုင်မှာ ဆုံဖြစ်သည်။

'မပြေပါဘူးကွာ'

'မင်းပဲ ခိုးပြေးတော့မယ်ဆို၊ အဆင်မပြေသေးတဲ့ မိန်းမတစ်ယောက်ကို ဘယ်လိုခိုးပြေးမှာလဲ'

'အတင်းအကျပ် ခိုးပြေးမှာ'

'ကြည့်လည်းလုပ်ပါ ဇော်ကြီးရာ'

'မူတာ မဟုတ်ဘူးကွ၊ ငါ ထပ်တလဲလဲမေးပြီးပြီ၊ သူ ငါ့ကို တကယ်မချစ်တာ'
'နောက်တစ်ယောက် ပြောင်းပေါ့ကွာ'
'ငါ့အကြောင်း မင်း သိသားပဲ၊ အဲဒါမျိုး ရအောင် ယူပြချင်တာ'
'မင်း စဉ်းစားထားတာ ပြောပါဦး၊ ဘာလဲ မင်းအမေကို သွားပြီးတောင်းရမ်းပေးခိုင်းလို့ရော အဆင်မပြေနိုင်ဘူးလား'
သူ ခေါင်းယမ်းပြသည်။
'ဒါလီက ခေါင်းမာတာ ဖြစ်နိုင်မှာမဟုတ်ဘူး'
'အဲဒီတော့…'
'တစ်ညလောက် အတင်းခိုးပြေး ပေါင်းသင်းလိုက်ဖို့ တစ်နည်းပဲရှိတယ်၊ မောင်မောင်'
'ခိုးပြေးဖို့ဆိုတာကရော လွယ်မတဲ့လား ဘော်ကြီးရာ'
'နေဦးကွ… မင်း မပြောရသေးဘူး၊ သူ ငါ့ကိုတော့ ခင်ခင်မင်မင်ရှိတာ အမှန်ပဲ၊ ငါကလည်း သူ့ဆိုင်ကို အလုပ်ပါးတိုင်း ဆင်းပြီး သူနဲ့ စကားပြောတယ်ကွ၊ ဟိုအနား ဒီအနား အအေးသောက်၊ မုန့်စား၊ အဲဒီ





လောက်ထိတော့ ရင်းနှီးမှုရလာပြီ၊ ငါ့ကိုလည်း ယုံကြည်မှုရှိလာပုံ ရတယ်၊ မနေ့က သူ ကားပျက်လို့ ဝပ်ရှော့ထိုးထားရတယ်တဲ့၊ ငါ အတင်းအကျပ်ပြောပြီး သူ့အိမ် လိုက်ပို့ပေးလိုက်တယ်'
'ဝပ်ရှော့မှာ သူ့ကားက ကြာမှာလား'
'တစ်ပတ်တော့ အနည်းဆုံးကြာမယ်တဲ့'
'ဒီညနေလည်း အဲဒီဝပ်ရှော့ကို သူနဲ့ ငါ သွားကြည့်သေးတယ်၊ ပြီးမှ အိမ်ပြန်ပို့လိုက်တာ၊ သူ့အမေကိုလည်း ငါက ဆင်းပြီး နှုတ်ဆက်ရင်းရင်းနှီးနှီး ရောထားလိုက်တယ်'
'သူ့ကားပြန်ကောင်းမလာခင် မင်းအတွက် အခွင့်အရေးပဲ ဘော်ကြီး'
'မနက် အိမ်လာခေါ်မယ် ပြောတာတော့ လက်မခံဘူးကွ၊ ညနေမှ အိမ်အပြန်ပို့တာတော့ မငြင်းတော့ဘူး'
'မဆိုးပါဘူး'
'မောင်မောင် ငါ တစ်ခုစဉ်းစားထားသေးတယ်'
'ပြော…'

'ဝပ်ရှော့သွားရင်း ငါ့အိမ်သွားတဲ့လမ်းကို ကျော်ပြီးမှ ဝပ်ရှော့ရောက်တာကွ'

'ဘာလဲ… အိမ်အလည်ခေါ်မလို့လား'

'အလည်ခေါ်လို့တော့ လိုက်မယ်မထင်ဘူး'

'အဲဒီတော့…'

'လမ်းထိပ်ရောက်တော့မှ ညာပြီး အိမ်ဝင်စရာ ရှတ်တရက် ရှိတယ်ပြော ဝင်ရမှာပဲ'

'မင်းက ဘာစိတ်ကူးနဲ့ အိမ်ခေါ်မှာလဲ'

'အိမ်မှာ ငါတစ်ယောက်တည်း ရှိတယ်လေကွာ မေမေကလည်း တရားရိပ်သာရောက်နေတယ်၊ ငါ့ ချာတိတ်ကလည်း ရွာပြန်သွားတယ်'

'ကြည့်လည်း လုပ်ပါဦးကွာ'

'စိတ်မရှည်တော့ဘူးကွာ၊ မင်း သိတဲ့အတိုင်းပဲ၊ ငါ့ အိမ်ထဲရောက်လို့ကတော့ ခြံအကျယ်ကြီးရဲ့ အလယ်မှာ ဆောက်ထားတဲ့အိမ်ဆိုတော့ အော်ရင်တောင် ကြားနိုင်စရာအကြောင်း မရှိတော့ဘူး'

'စဉ်းစားစမ်းပူ့ပူ့ ဒေါ်ကြီးရာ၊ တဖြည်းဖြည်းတော့ မင်းကို ညှတ်လာမှာပေါ့၊ အခုတောင် မင်း ကားနဲ့





ပြန်ပို့တာ လက်ခံနိုင်အောင် ယုံနေပြီပဲ'

သူ ဘာမျှပြန်မပြောဘဲ ပုလင်းထဲမှ လက်ကျန်ဘီယာကို ဖန်ခွက်ထဲသို့ လောင်းထည့်သည်။

ဆူဝေတက်လာသော အမြှုပ်တွေကို ကြည့်နေမိပြန်၏။ သူ့ရင်ထဲမှာ ဒေါသမာန၊ အတ္တတဏှာစိတ်တို့ သည့်နှယ် အမြှုပ်ထနေကြပြီလား။

■

## (၅)

'ကိုဇော့်ကိုလည်း အားနာစရာဖြစ်လာပြီ၊ မနက်ဖြန်ဆိုရင်တော့ ကားက ပြီးပြီတဲ့၊ ဖုန်းဆက်တယ်'

'အားနာစရာမှ မဟုတ်တာပဲ ဒါလီရယ်'

'မေမေကတောင် ပြောသေးတယ်၊ ကိုဇော့်ကို လက်ဆောင်ကောင်းကောင်းလေး ဝယ်ပေးလိုက်တဲ့'

'မလိုပါဘူး ဒါလီရယ်၊ ဒါလီကို ချစ်လို့ ကူညီချင်နေတဲ့သူ တစ်ယောက်အတွက် ကူညီခွင့်ရတာကို ကျေနပ်နေတာပါ'

ညနေ ဒါလီ ပြန်ချိန်မှာ သူ့ကားနှင့် ခါတိုင်းနည်းတင်ခေါ်လာခဲ့ရင်း လမ်းမှာ စကားပြောဖြစ်သည်။





ဒါလီကို ချစ်လို့ဆိုသည့် စကား ပါသွားတာ သတိထားမိပြီး မှားသွားပြီလား တွေးမိသေး၏။ သူ့ကားပေါ်ပါလာသည့်အချိန်မှာ ဒါလီကို သူ့ရင်ထဲက ချစ်စကားတွေ မပြောဖြစ်အောင် တမင် ထိန်းချုပ်ထား၏။ အခွင့်အရေးယူတတ်သူဟု မထင်အောင် တမင် နေပြသည်။

မနက်ဖြန် သူ့ကား ပြန်ကောင်းတော့မှာပါလား။ ဒီနေ့ ငါ့ကားပေါ် ပါလာတာဟာ နောက်ဆုံးအခွင့်အရေးပါလား အထပ်ထပ် တွေးမိပြန်သည်။

'ဒါလီ'

'ပြော ကိုဇော်'

'အချိန်နည်းနည်းလောက် ရမလား၊ ကိုဇော် အိမ်ခဏလေးဝင်ပြီး စာရင်းတစ်ခု ယူချင်တယ်၊ ပြီးတော့ ဒါလီ့ကို ပို့ပြီး အလုပ်ခန်းပြန်သွားမှ ရမယ်၊ မကြာပါဘူး'

'ဝင်လေ… ရပါတယ်၊ ဒါလီကြောင့် ကိုဇော် အလုပ်မထိခိုက်စေချင်ပါဘူး'

'ဒါလီ့မှာ အရေးတကြီးကိစ္စမရှိရင် ဝင်လိုက်မယ်နော်'

ဒါလီက ခေါင်းညိတ်ပြတော့ သူ ဝမ်းသာသွားမိသည်။ သူ့အိမ်မှာ ဘယ်သူမှမရှိတာ သူတစ်ဦးတည်းဖြစ်နေတာ ဒါလီ မသိ။ လမ်းထဲ ချိုးဝင်လိုက်သည်။

'ကိုဇော်တို့ ဒီမှာနေတာ ကြာပြီလား'

'ကြာပြီ ဒါလီ၊ ကိုဇော်တို့ ဆယ်တန်းလောက်မှာပဲ ဒီကိုပြောင်းလာခဲ့ကြတာ၊ အိမ်ဝယ်ထားတာက မပြောင်းခင် လေး၊ ငါးနှစ်ကတည်းက…'

'ခြံတွေဝင်းတွေက အရမ်းကျယ်တယ်နော်'

ဒီလို ခြံကျယ်ဝင်းကျယ်ကြီးတွေ ရန်ကုန်မှာ ရှားသွားပြီ၊ သူတို့ ရပ်ကွက်ထဲရောက်တော့ သစ်ကြီးဝါးကြီး ထူထပ်ပြီး စိမ့်အေးသလိုပင်။

သူ ခြံဝင်းတံခါးကို ဆင်းဖွင့်လိုက်သည်။ ပြီးမှ ကားကို အိမ်ဆင်ဝင်ဆီ မောင်း၏။

'ခြံက ကျယ်လိုက်တာနော်'

'တစ်ဧကကျော်တယ်လို့ ပြောတယ် ဒါလီ'

နှစ်ခြံအလယ်မှ နှစ်ထပ်တိုက်ပေါ်တီကိုအောက်မှာ ရပ်ပြီး သံဆွဲတံခါးကို သူ သော့ဖွင့်လိုက်၏။

သည်အထိ ဒါလီက ကားပေါ်မှ မဆင်းသေး။





'ရောက်တုန်း ခဏဆင်းပါဦး ဒါလီ'

'ရတယ် ကိုဇော်'

'ဆင်းပါဦး ဒါလီရယ်၊ ကိုယ်တောင်မှ ဒါလီ မေမေ့ကို ဆင်းပြီးနှုတ်ဆက်သေးတာ'

'ကိုဇော့် အလုပ်ခန်းပြန်အရောက် နောက်ကျနေလိမ့်မယ်'

'ရတယ်… လာ… ဆင်း… ဆင်း…'

အိမ်မှာ ဘယ်သူမှမရှိတာ မရိပ်မိခင် အိမ်ထဲရောက်ဖို့ အရေးကြီးသည်။ ကားတံခါးကို ဆွဲဖွင့်ပေးလိုက်တော့ ဒါလီက အားနာပါးနာ ဆင်းလာ၏။

'ဒါလီဘာမှမသောက်ဘူးနော်၊ ဘာမှမလုပ်နဲ့ ကိုဇော်'

ပြောရင်း သူ့နောက်မှ အိမ်ထဲဝင်သည်။ သံဆွဲတံခါးကို ပြန်ဆွဲပိတ်လိုက်ပြီး သော့ခတ်လိုက်၏။ ဒါလီက ဧည့်ခန်းဆီ အကြည့်ရောက်နေလို့ ရိပ်မိဟန်မတူ။ ရန်ကုန်အိမ်တွေက တံခါးကို အမြဲသော့ခတ်ထားတတ်တာကလည်း အထူးအဆန်းမဟုတ်သဖြင့် ဂရုမစိုက်တာပဲလား မသိ။

'လာ… ဒါလီ၊ ခဏ ဧည့်ခန်းက စောင့်နော်'

ဧည့်ခန်းထဲ ခေါ်လာခဲ့သည်။

'ထိုင် ဒါလီ၊ ကိုယ် အပေါ် ခဏတက်လိုက်မယ်'

'ကိုဇော်မေမေတွေ ဘာတွေ မအားရင် ဆင်းမလာပါနဲ့ ကိုဇော်ရယ်၊ အားနာစရာကြီး၊ ကိုဇော် ယူမယ့်စာရွက်သာ ယူပြီးဆင်းခဲ့'

သူ ဘာမှပြန်မပြောမိဘဲ အပေါ်ထပ်တက်သည့်လှေကားဆီ လျှောက်သည်။

အပေါ်ထပ် သူ့အခန်းထဲရောက်တော့' သူ့စိတ်တွေအရမ်းလှုပ်ရှားနေတာ သိလိုက်၏။

ဘာရယ်မဟုတ်ဘဲ အခန်းထဲမှာ ဟိုလျှောက် သည်လျှောက် လုပ်သည်။ မေမေ အိမ်ပေါ်မှာရှိမည်ဟု ဒါလီထင်ထားသည်ပဲ။

စားပွဲပေါ်က ဝီစကီပုလင်းကို တွေ့သည်။ ဖန်ခွက်သုံးပုံနှစ်ပုံလောက် ဝီစကီငှဲ့ထည့်လိုက်သည်။ ရေသန့်ဘူး တွေ့သော်လည်း ရေမရှိတော့။ ရေခဲသေတ္တာက အောက်ထပ်မှာ။ မထူးပါဘူး တွေးပြီး ဖန်ခွက်ကို ကောက်ယူမော့လိုက်၏။ မီးစဖြင့် လည်ချောင်းကိုထိုးလိုက်သလို ပူလောင်ပြီး ဝီစကီတို့စီးဆင်းသည်။ ပါးစပ်ကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်၏။

မျက်နှာတင်းပြီး ဝီစကီက ချက်ချင်းတက်လာတော့သလို။ အောက်ထပ်ကို သူ ပြန်ဆင်းလာခဲ့သည်။

■



## (၆)

သော့ခလောက်နှင့် သံတွဲ တံခါးထိခတ်သံ ကြားရပြီး ရုတ်တရက် လိပ်ပြာလွင့်စင်သွားသလို ဖြစ်သည်။ ပွေးဝင်တွယ်ကပ်နေသောမိစ္ဆာနတ်ဆိုး ကိုယ်မှခွာသွားသလို တင်းကျပ်စွာ တွယ်ဖက်ထားသော လက်တို့ ပြေလျော့သည်။

'ကိုကို... ကိုကို...'

ခေါ်သံကို ထပ်အကြားမှာ အသိဝင်သည်။ အမူးပြေသလို ဖြစ်သွား၏။ အခွင့်အရေးကို စောင့်နေသူနှယ် ဒါလီက အောက်မှလဲနေရာက လက်နှစ်ဖက်ဖြင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။ အရှိန်ဖြင့် သူမကိုယ်ပေါ်မှ ဘေးကို လွင့်စင်

ကျသည်။ လဲနေရာမှ လူးလဲထပြီး ဒါလီ အခန်းထဲမှ ထွက်ပြေးသွား၏။

'ကိုကို… ကိုကို တံခါးဖွင့်ပါဦး'

ညှီအသံပဲ ချက်ချင်းသိလိုက်၏။

တံခါးဝမှာ ရပ်ရင်း သော့ခလောက်ကို ဆွဲလှုပ်နေသူထံ ညော့ခန်းထဲမှထွက်ပြီး ဒါလီ ပြေးလာ၏။

'ဟင်… ဒါလီ'

'ကိုညီ'

နှစ်ယောက်စလုံး အံ့ဩစွာ နှုတ်မှ အာမေဋိတ်သံတွေ ထွက်လာသည်။

ဝတ်လာသော အင်္ကျီအပါးက စုတ်ပြဲနေပြီး မလုံမလဲဖြစ်နေသော အနေအထားကို ညီဇော်ထွန်းက အကြည့်ရောက်သည်။ သည်အကြည့်ကြောင့် ဒါလီက အင်္ကျီလွတ်နေရာဆီ လက်တင်ပြီး ကာလိုက်၏။ ဒါလီ့မျက်နှာမှာ မျက်ရည်စတွေ သွေးစသွေးန ကုတ်ခြစ်ရာတွေ တွေ့၏။ ကြောင်ပြီး ကြည့်နေမိကြရင်း ဘာစကားမှ မဆိုဖြစ်။

ညော့ခန်းမှ ဒယိမ်းဒယိုင်ထွက်လာသော ကိုကိုက သော့ယူပြီး ညီညီကိုပေးကာ ချာခနဲလှည့်ထွက်သွားတော့၏။





ကိုကို မူးနေပုံရသည်။ ကိုကိုရဲ့ ရုပ်အင်္ကျီဖရိုဖရဲက ကြယ်သီးအားလုံး ပြုတ်ထွက်နေကြ၏။ တံခါးဖွင့်ပြီး သံဆွဲတံခါးကို ဘေးသို့ဆွဲလိုက်သည်။

'ဒါ ညှီအိမ်လား'

'ဟုတ်တယ်'

'ညှီအစ်ကိုပေါ့'

နှုတ်က ပြန်မဖြေမိဘဲ ခေါင်းညိတ်ပြရုံသာ ပြလိုက်နိုင်တော့သည်။

ဒါလီက အိမ်ထဲကထွက်ပြီး သူ့ကို ကျော်သွားသည်။

'ဒါလီ'

ဒါလီ နောက်ပြန်လှည့်ကြည့်၏။

'ရော့… ဒါယူသွား'

လက်မှကိုင်ထားသည့် ဂျာကင်အပါးလေးကို ပစ်ပေးလိုက်သည်။

ဒါလီက ဂျာကင်အင်္ကျီလေး လက်ထဲရောက်သည်နှင့် ခြံထဲမှ တစ်ဟုန်ထိုး ပြေးထွက်သွားတာ ကြည့်နေမိသေး၏။

ပြီးမှ အိတ်ကိုဆွဲပြီး အိမ်ထဲဝင်သည်။

ပြန်ဆုံမယ့်ဆုံတော့လည်း သည်လိုအနေအထားနှင့်

မှပြန်ဆုံရလေတယ်ဟု ယူကျုံးမရ ဖြစ်ရသေးသည်။

အိမ်ပေါ်ထပ်တက်ကာ သူ့အခန်းဆီ လျှောက်၏။ ကိုကို့အခန်းထဲ လှမ်းအကြည့်မှာ အိပ်ရာပေါ် ပက်လက်လှန်ရင်း မျက်စိမှိတ်ထားသော ကိုကို့ကို မြင်သည်။

'မေမေရော ကိုကို'

'တရားစခန်းမှာ'

'ဘယ်တော့ ပြန်လာမှာလဲ'

'မနက်ဖြန် ထင်တယ်'

ကိုကိုက မျက်လုံးမဖွင့်ဘဲ ပြန်ဖြေသည်။

'ကိုကိုရာ… ဟိုတယ်တွေ ဒီလောက်ပေါနေတာ အိမ်မှာပဲ ခေါ်တွေ့ရလားကွာ'

ကိုကိုက ဘာမျှပြန်မပြော။

သူ ကိုကို့အခန်းရှေ့မှ ထွက်လာခဲ့တော့သည်။

■



(၇)

ညဦးပိုင်း ရဲတွေရောက်လာပြီး ကိုကို့ကို ဖမ်းသွားမှ သူ ထင်သလို မဟုတ်ကြောင်း ညီဇော်ထွန်း နားလည်တော့၏။

'ဒေါ်မြဒါလီက သူ့ကို ဗလက်ကာ့ယလုပ်မှု၊ မုဒိမ်းကျင့်ဖို့ ကြိုးစားမှုနဲ့ ဦးဇော်မျိုးထွန်းကို အမှုဖွင့်ထားတယ်၊ အဲဒါ…'

'နေပါဦး ကိုကို၊ ဒါလီက မင်းချစ်သူ မဟုတ်ဘူးလား၊ မင်းကောင်မလေး မဟုတ်ဘူးလား'

သူ နားမလည်နိုင်စွာ မေးတော့ ကိုကို ဘာမျှပြန်မဖြေ။

ကိုကို့ကို ရဲတွေခေါ်သွားပြီးတော့ ဘာဆက်လုပ်မှန်းမသိအောင် ယောင်ချာချာဖြစ်နေခဲ့သည်။

မနက်ဖြန် မေမေ ရိပ်သာက ပြန်ရောက်မည်ပြော တော့ မေမေ သွားနေကျရိပ်သာကို သူ သိထားသည်ပဲ၊ မနက် သွားကြိုပြန်လာပြီး အိမ်ရောက်မှ မေမေနှင့် တိုင်ပင် ရမည် တွေးသည်။

ခရီးရောက်မဆိုက် စိတ်ညစ်ညူးစရာ၊ မချမ်းမြေ့နိုင် စရာတွေကော် ဆီးလို့ကြိုနေပါရော့လား။ သူ ပြန်မည့်ရက်ကို ရုတ်တရက် ဆုံးဖြတ်ထွက်ခဲ့သည်မို့ ကိုကိုတို့သိအောင်လည်း ကြိုတင်အကြောင်းမကြားနိုင်တော့။ အိမ်ကို ဖုန်းနှစ်ခါလောက် ဆက်တော့ ကိုင်မည့်သူက မရှိ။ ကိုကို့အလုပ်ထဲကိုတော့ ဆက်မနေတော့ပါဘူး စဉ်းစားကာ မဆက်ဖြစ်ခဲ့။

လေဆိပ်ရောက်တော့လည်း ဒီအချိန် ကိုကို အလုပ်မှာ ပဲ ရှိနေဦးမှာ တွေးရင်း တက္ကစီငှားပြန်ခဲ့သည်။

ခြံဝမှာ တက္ကစီရပ်ပြီး ဆင်းတော့ ခြံတံခါးပွင့်နေတာ တွေ့ပြီး အံ့သြရသေးသည်ပဲ။ ခြံထဲလှမ်းအကြည့် ပေါ်တီကို အောက်မှာ ရပ်ထားသော ကိုကို့ကားကို သူ မြင်သည်။ ကိုကို စောပြန်လာပြီး ပြန်ထွက်မှာမို့ ခြံတံခါးဖွင့်မထားတာပဲ တွေးဖြစ်သေး၏။

လက်ဆွဲအိတ်တစ်လုံးတည်းမို့ လက်ကဆွဲကာ ဂျူ





ကင်အကျီပါးကို ပခုံးပေါ်တင်ရင်း အိမ်ဆီကို သူ လျှောက်လာ ဖြစ်သည်။

မမျှော်လင့်ဘဲ ဒါလီနှင့် ကိုကိုတို့အဖြစ်ကို မြင်ရတွေ့ ရတော့ ဒေါသစိတ်၊ နာကျင်စိတ်၊ ပူလောင်စိတ်တို့ဖြင့် ရင်က ဗလောင်ဆူရပြန်၏။

ဒါလီက အမှုဖွင့်ပြီး ကိုကို့ကို ဖမ်းသွားပြန်တော့ သူ ထင်သလို မဟုတ်တော့ပြန်။

ဘာမှနားမလည်နိုင်တော့သလို လေပူကိုသာ မှုတ် ထုတ်ပစ်လိုက်မိ၏။

■

## (၈)

'သားကြီးရဲ့ အမှုအတိမ်အနက်က သားငယ်အပေါ် မှာ မူတည်လိမ့်မယ်လို့ ရှေ့နေက ပြောတယ် သား မျက်မြင်သက်သေက သားငယ်တစ်ယောက်ပဲ ရှိတာ တဲ့၊ စုတ်ပြဲနေတဲ့ အင်္ကျီနဲ့ သားငယ်ရဲ့ ဂျာကင်ကိုပါ သက်သေတင်ထားတော့ ဒါတွေ သားငယ် ငြင်းလို့ ရနိုင်တာပဲ၊ အင်္ကျီစုတ်ပြဲနေတာလည်း မဟုတ်ပါဘူး အဲဒီနေ့က ဒီအင်္ကျီရောင် မဝတ်ထားဘူးပေါ့၊ ဂျာကင် ကလည်း သားငယ်ဟာ မဟုတ်ဘူးပေါ့၊ အဲဒီလိုတော့ ရှေ့နေက ပြောတယ်၊ အသေးစိတ်ကတော့ သူ လာ ဆွေးနွေးပါ့မယ်တဲ့၊ အဓိကကတော့ သားငယ်က ငြင်းဖို့ပါပဲလို့ ပြောတယ် ညီ'





ရှေ့နေနှင့်တွေ့ပြီး ပြန်အလာမှာ မေမေက သူ့ကို ပြောပြခဲ့၏။ သူ ငြိမ်ပြီးသာ နားထောင်နေမိသည်။

'သားကြီး သူငယ်ချင်း အောင်မောင်းတို့နဲ့လည်း မေမေ တွေ့ခဲ့ပြီးပြီ ညီ၊ ကောင်မလေးနဲ့ သားကြီးက ဘာမှမဖြစ်ဘူးတဲ့၊ သားကြီးက ကြိုက်နေတာပဲ ရှိ တယ်တဲ့၊ ဒီကောင် သူ့အကျင့်အတိုင်း အတင်းအဓမ္မ ကြံစည်တာ အမှန်ပဲ'

ငြိမ်းချမ်းမှုကို ရှာချင်၍ တရားရိပ်သာသွားနေခဲ့သော မေမေ့စိတ်တွေ မငြိမ်းမချမ်းဖြစ်နေရပါလား တွေးပြီး မေမေ့ ကို သနားသည်။

'သား ဒါလီကို သွားတွေ့ပြီး စကားပြောကြည့်ပါ ဦးမယ်၊ သားနဲ့လည်း ခင်ပါတယ်၊ သူ့ဘက်က အမှု ကျေအေးနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့'

'ဟာ… ကောင်းတာပေါ့ သားရယ်၊ အမှုက ဖွင့်ပြီး လို့ လုံးလုံးပိတ်မရတောင်မှ သူကသာ ကျေအေး ခွင့်လွှတ်နိုင်မယ်ဆိုရင် သားကြီးအတွက် သက်သာ ခွင့်တော့ ရမှာပေါ့၊ မောင်မောင်က ပြောလိုက်တယ်၊ သားကြီး ရုံးခန်းရှိတဲ့ တိုက်အောက်ထပ်က မြဒါလီ

စတိုးဆိုင်ပိုင်ရှင်တဲ့၊ အဲဒီဆိုင်ကိုသွားရင် သားမေ
တွေ့မှာပဲ'

'သိပ်လည်း စိတ်မပူပါနဲ့ မေမေ၊ သား သွားတွေ့ပြီး အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါ့မယ်'

မေမေ့ကို နှစ်သိမ့်စကားဆိုရသော်ငြား ဒါလီ၏စိတ်ကို သိသူမို့ မျှော်လင့်ချက်တော့ မရှိနိုင်ဟု သူ တွေးမိသား။

■



(၉)

ကားကို ရပ်ခဲ့ပြီး ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ အဝယ်ပါးသည့် ကောင်တာဆီသွား၍ အရောင်းစာရေးမလေးကို မြဒါလီနဲ့ တွေ့ချင်လို့ပါ သူ ပြော၏။ အစ်မ အပေါ်ထပ် ညာဘက်ထောင့်ခန်းမှာပါ ပြော၏။

အပေါ်ထပ် တက်ရသည့် လှေကားကို ပြသည်။ အပေါ်ထပ် တက်ခဲ့၏။ အပေါ်ထပ်မှာက လျှပ်စစ်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ ခင်းကျင်းထားတာ မြင်၏။ ညာဘက်ထောင့်မှာ အခန်းတစ်ခုကို တွေ့သည်။ အခန်းမှန်တံခါးကို တွန်းဖွင့်လိုက်စဉ် အခန်းဝအနီးက စားပွဲမှာ ကွန်ပျူတာတစ်လုံးနှင့် ကောင်မလေးကို တွေ့၏။ တူရူမှာ စားပွဲကျယ်ကြီး

တစ်လုံးနှင့် စားပွဲနောက်မှာ ထိုင်နေသော မြဒါလီကို သူ လှမ်းမြင်လိုက်ရသည်။

'လာ... ကိုညီ၊ ကိုညီ ရောက်လာမှာပဲ ဒါလီ တွေးမိပြီးသားပါ'

'ကေသီရေ... မမ အပြင်သွားစရာရှိတယ်၊ ဖုန်းတွေဘာတွေလာရင် နောက်တစ်နာရီလောက်ကြာမှ ပြန်ရောက်မယ် ပြော၊ မမ ဖုန်းလည်း ဒီမှာပဲထားခဲ့မယ် ဟုတ်လား'

သူ့စာရေးမလေးကို မှာပြီး ထရပ်သည်။

'လာ... ကိုညီ၊ တစ်နေရာသွားရအောင်'

ဒါလီနောက်မှ သူလိုက်လာခဲ့ပြီး အောက်ထပ်ဆင်းကာ ဆိုင်ထဲမှထွက်သည်။

'ကိုညီ့ကား ခဏထားခဲ့ပေါ့၊ ပြီးမှ ဒီပြန်လာတာပေါ့'

သူ ခေါင်းညိတ်ပြလိုက်၏။

*





ကျယ်ဝန်းသပ်ရပ်သည့် စားသောက်ဆိုင် သီးသန့်ခန်းလေးထဲမှာ ထိုင်မိကြသည်။ ကုတ်နှစ်ဘူးမှာပြီး မသောက်ဖြစ်ဘဲ တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေမိကြပြန်၏။

'မြင့်ဝေကြီးတို့ မဆွေတို့နဲ့ တွေ့သေးလား'

'သူတို့ အိမ်ထောင်ကျသွားကြပြီ၊ နယ်မှာလေ'

'ကိုညီ စကားစရခက်နေရင်လည်း ဒါလီ စပြောမယ်၊ ပထမဆုံး ကိုညီ့အစ်ကိုနဲ့ ဘယ်လိုပတ်သက်ပြီး ဘယ်လိုဖြစ်ကြတယ်ဆိုတာ စတွေ့တာကနေပြီး နောက်ဆုံး ကိုညီမြင်ရတဲ့မြင်ကွင်းအထိ ဒါလီ ရှင်းပြမယ်'

သူ ခေါင်းညိတ်ပြလိုက်သည်။

ကိုကိုနှင့် သူမ ဘယ်လိုသိပုံ၊ တွေ့ပုံ၊ သည်ဆိုင်ငှားပြီး ဖွင့်တော့ မျက်မှန်းတန်းမိပုံတွေကအစ သူမကို ချစ်ရေးဆိုပုံ၊ ငြင်းခဲ့တာတွေကို စီကာပတ်ကုံး ပြောပြသည်။

'ဒီလို အလုပ်ကြီး အကိုင်ကြီးနဲ့ လူကြီးလူကောင်းတစ်ယောက်က ဒီလောက်အောက်တန်းကျကျကြံစည်မယ်တော့ မတွေးခဲ့ဘူး ကိုညီ၊ တွေ့တာ သိတာလည်း ကြာပြီဆိုတော့ ကားမရှိတုန်း သူ့ကားစီးခဲ့မိတယ်၊ အိမ်ကိုခေါ်တော့လည်း အိမ်မှာ တခြားအိမ်

သားတွေ ရှိနေမှာပဲ တွေးပြီး ဝင်လိုက်တယ်၊ ဧည့်ခန်းထဲ ဝင်ထိုင်မိတာလောက်က အန္တရာယ်လို့ မတွေးမိဘူးလေ၊ အရက်တွေလည်း မူးပြီး သူက လူကို ဝင်လုံးတော့ အငိုက်ခံလိုက်ရတယ်၊ ကိုညီရောက်လာလို့ ကံကောင်းတာ၊ ဒါလီကလည်း သူ့ခေါင်းကို ဘာနဲ့ရိုက်ခွဲရမလဲ ပစ္စည်းရှာနေတာ၊ ဒါလီ ရေတိမ်နစ်ရင်လည်း နစ်၊ လူသတ်မှုဖြစ်ရင်လည်း ဖြစ် တစ်ခုခုပဲ'

ဒါလီ့ စကားအဆုံးမှာ သူ သက်ပြင်းရှည်ကို ချသည်။

'ကိုကို့ကိုယ်စား ဒါလီ့ကို ကိုညီ တောင်းပန်ချင်တယ်'

'ဘာလဲ ကိုညီ၊ ကိုညီ့မေမေက ပြောခိုင်းတာတွေ ပြောမှာ မဟုတ်လား'

'ဟုတ်တယ် ဒါလီ'

'ဆောရီးပဲ ကိုညီ၊ ကိုညီ ဒါလီ့စိတ်ကို သိပါတယ် အပြစ်တစ်ခု ကျူးလွန်ထားတဲ့သူကို သူနဲ့ ထိုက်တန်တဲ့ အပြစ်တစ်ခု ပြန်ရမှ ဒါလီ ကျေနပ်နိုင်မယ် ဒါလီ အပြတ်ပဲပြောမယ် ကိုညီ၊ ဘယ်တော့မှ ဒါလီ





ဒီကိစ္စကို ချေအေးနိုင်မှာလည်းမဟုတ်ဘူး၊ ခွင့်လွှတ်နိုင်မှာလည်း မဟုတ်ဘူး၊ ဒါလီ့ကို ဘာနဲ့မှ အစေးအယူလည်း လုပ်လို့ရမှာ မဟုတ်ဘူး'

ဒါလီ့ဆီက ဒီလို ပြတ်ပြတ်သားသား စကားတွေပဲ ကြားရမည်ဆိုတာ သူ ကြိုတင်တွေးမိပြီးသားလေ။

'ကိုညီ အတိုချုပ်ပြောပါရစေ ဒါလီ၊ ကိုညီ့အမေ အမေအရင်းက ကိုကိုတို့နယ်မှာတုန်းက ရှိခဲ့တဲ့ ဆန်စက်ထဲက ညစောင့်အလုပ်သမား၊ အဲဒီ ဆန်စက် မရောက်ခင်က သည်ထက်ဘဝက ဆိုးတယ်တဲ့၊ ကိုကိုတို့ဖေဖေ ကယ်ထားလို့ ဆန်စက်အလုပ်သမား ဖြစ်ရတာ၊ ကိုညီ့မိဘတွေက မီးလောင်တဲ့ ညတစ်ညမှာ မီးထဲပါသွားကြလို့ ကိုကိုတို့ အဖေ အမေက ကိုညီ့ကို မွေးစားခဲ့ကြတာပဲ၊ ကိုညီဟာ သူဌေးသား မဟုတ်ပါဘူး၊ မွေးစားသားပါ၊ အမွေစား အမွေခံ စာချုပ်နဲ့ မွေးစားပေမယ့် ကိုညီ ဥစ္စာပစ္စည်းကို မမက်ပါဘူး၊ သူတို့ကို ကျေးဇူးဆပ်ရမယ်ဆိုတဲ့ စိတ်၊ ကိုယ့်ဘဝမှန်ကို သိတဲ့စိတ် ငယ်ကတည်းက ရှိခဲ့ပါတယ်'

'နေပါဦး… အဲဒါတွေကို အရင်က ဘာလို့ ဒါလို့ကို မပြောရတာလဲ'

'ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိကို မေမေ့ကို ပေးထားဖူးတယ်၊ ပြီးတော့ ကိုယ့်ကြောင့် ဒါလီလည်း စိတ်မဆင်းရဲစေချင်ဘူး၊ ကိုယ့်ဘဝကိုယ် မပိုင်ဘူးဆိုတဲ့ မလွတ်မလပ်စိတ်က အရာရာကို ထိန်းချုပ်ထားသလိုပဲ၊ အခုလည်း မေမေ ပြောစေချင်တာတွေ ပြောပြဖို့ ဒါလို့ကို ကျေအေးဖို့ တောင်းပန်ပေးဖို့ ကိုညီ လာခဲ့ရပေမယ့် ဒါလို့စိတ်ကို ကိုညီ သိတာပဲ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာလေ၊ ဒါပေမဲ့ ဒါလီ ကိုယ်က သူတို့ကို ကျေးဇူးဆပ်စရာတွေ ရှိတာပဲ သူတို့က ကိုယ့်ရဲ့ ကျေးဇူးရှင်ပဲ'

'ကိုညီ'

'ပြော ဒါလီ'

'ကျေးဇူးရှင်ဆိုတဲ့သူက မဟုတ်တာ မမှန်တာတွေ လုပ်နိုင်းပြီး ကျေးဇူးဆပ်နိုင်းရင် ကိုညီ အဲဒီလိုလုပ်ပြီး ကျေးဇူးဆပ်မှာလား၊ အမှန်အမှား တရားတာ မတရားတာ သိသိကြီးနဲ့ ကျေးဇူးတရားထောက်ပြီး





မသိဟန်ပြုမှာလား၊ မှားတာဟာ မှားတာပဲ ကိုညီ၊ မတရားတာဟာ မတရားတာပဲ ကိုညီ၊ အမှန်တရား မျက်နှာထက် ဘာကိုမှ ငဲ့စရာ ကြည့်စရာမလိုဘူးလို့ ဒါလီ ထင်တယ်'

သူ့မှာ ဒါလို့ကို ပြောစရာစကား မရှိတော့သလိုပင်။

'ရတယ်လေ၊ ကိုညီ့မှာ အခွင့်အရေးရှိတာပဲ၊ ဒါလီက မျက်မြင်သက်သေအဖြစ် ကိုညီ့ကို ထည့်ထားတယ်၊ တစ်ဦးတည်းသော မျက်မြင်သက်သေဆိုတော့ တော်တော်အဓိကကျနိုင်ပါတယ်၊ ပြီးတော့ ကိုညီရဲ့ဂျာကင်အင်္ကျီ၊ ကိုညီ မြင်တာတွေ့တာအားလုံးကို ငြင်းလိုက်ပေါ့၊ အဲဒီလို မဟုတ်မမှန် ငြင်းပြီး သူတို့ကို ကျေးဇူးဆပ်ချင် ဆပ်လိုက်ပေါ့၊ ဘာဖြစ်ဖြစ် အမှုတော့ အနည်းဆုံး ပေါ့သွားမှာပဲလေ'

'ကိုညီ့ကို မေမေက အဲဒီလိုပဲ ပြောတယ် ဒါလီ၊ သွားတွေ့တဲ့ရှေ့ကနေ ပြောလိုက်တာတဲ့'

'အဲဒါ ကိုညီ့သဘောလေ၊ ဒီမှာ ကိုညီ'

အကြည့်ဆုံပြီး စကားကို ရပ်ထား၏။

'ကိုယ့်နှလုံးသားတောင် ကိုယ် လိမ်ရဲညာရဲသေးတာ

ပဲ၊ ဒီကိစ္စလည်း ကိုညီ လိမ်ရဲ ညာရဲမှာပါ'

'ဒါလီ ကိုယ့်နှလုံးသားကိုတော့ မစော်ကားပါနဲ့ ဒါလီ၊ ကိုယ်ချစ်တဲ့သူအတွက်ဆိုရင် ငဲ့ညာမှုတွေနဲ့ ထိန်းချုပ်ခဲ့ရတာ ကိုယ် အသိဆုံးပါ'

သူ့စကားကြောင့် ဒါလီ၏ မျက်နှာက အနည်းငယ် ပြေလျော့သွားချင်သလို။

'ကိုညီရယ်… လူဆိုတာ အမှန်ဘက်က ရပ်တည်ရဲရမယ်၊ တရားတာနဲ့ မတရားတာတွေ့ရင် တရားတဲ့ ဘက်က နေရဲရမယ်၊ ကျေးဇူးတရားဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဘာနဲ့ပဲ ဖုံးကွယ်ထားထား အမှန်တရားက ပေါ် နေရမှာပဲ၊ ပြီးတော့ ကိုညီတို့ ဒါလီတို့က လူငယ်တွေ'

စကားပြတ်ပြီး သူ့ကို စူးစိုက်ကြည့်သည်။

'လူငယ်တစ်ယောက်က အမှန်တရားကို မချစ်ဘူး၊ တရားမျှတမှုကို မမြတ်နိုးဘူးဆိုရင် လူငယ်အားလုံးကို သစ္စာဖောက်တာပါပဲ၊ ဒါလီတော့ ဒီလိုပဲ မြင်တယ်'

ဒါလီကို ပြန်ပြောစရာစကား ဘာမှမရှိတော့သလို





သူ့ရှေ့မှာရှိနေသော ကုတ်ဘူးကိုယူပြီး ဖောက်လိုက်၏။

ပြီးတော့ ဖန်ခွက်ထဲ လောင်းထည့်ကာ ဒါလီ့ရှေ့ကို ချပေးသည်။

'ဒါလီ့သဘောကိုတော့ ကိုညီမေမေကို ပြောပြလိုက်ပါ၊ ကိုညီလည်း ကြိုက်သလို ဆုံးဖြတ်ပါ၊ နောက်ကို ဒီအကြောင်းကို ကိုညီနဲ့ ဒါလီ ဘယ်တော့မှ မပြောကြေး၊ နေပါဦး ကိုညီ၊ ဒါလီ တစ်ခုသတိထားမိတယ်'

'ဘာလဲ ဒါလီ'

ဒါလီ စကားလွှဲပြီဟု နားလည်လိုက်၏။

'ဆေးလိပ် ဘာလို့မသောက်တာလဲ၊ ဒီလောက် ဆေးလိပ်ကြိုက်တာ'

'ကိုညီ ဆေးလိပ်ဖြတ်လိုက်ပြီ'

'တကယ်ပဲလား'

'တကယ်ပဲ ဒါလီ၊ ဒီက စထွက်တဲ့နေ့ကစပြီး ဖြတ်လိုက်တာ၊ ဒါပေမဲ့…'

စကားကိုရပ်ရင်း သူက ဂျင်းဘောင်းဘီရှေ့အိတ်ထဲ

လက်နှိုက်ယူလိုက်၏။

'ဒီမှာ ကြည့်'

ဖစ်ပိုမီးခြစ်ကလေးကို ထုတ်ပြီး အဖုံးကို ဖွင့်လိုက် ပိတ်လိုက် လုပ်ပြရင်း…

'ဒီမီးခြစ်ကလေးတော့ ကိုယ်နဲ့မကွာ ဆောင်ထား တယ် ဒါလီ၊ ဒါက ကိုယ့်ချစ်သူပေးထားတဲ့ အမှတ် တရလေ'

သူ့စကားကြောင့် ဒါလီက ရှက်သွားဟန် မျက်လွှာ ကို ချလိုက်တာ တွေ့သည်။

'ချစ်သူနဲ့ပတ်သက်ရင် အားလုံးဟာ တန်ဖိုးရှိ အမှတ်တရတွေပဲဆိုတာ ဒါလီ လက်ခံတယ် ကိုညီ ကိုညီ့ကိုလည်း ပြရဦးမှာပေါ့'

ဒါလီက သူ့ပိုက်ဆံအိတ်ကို ဖွင့်သည်။ ပြီးတော့ အတွင်းထဲက ဘူးပျော့အခွံကလေးကို ထုတ်ယူပြီး စားပွဲပေါ် တင်လိုက်၏။

'အဲဒါ ဘာလဲ ဒါလီ'

သူက အံ့သြစွာ မေးလိုက်၏။





'ဒါလီ ချစ်တဲ့သူ သောက်သွားတဲ့ စီးကရက်ဘူးခွံ လေးလေ၊ ဒါလီ အမှတ်တရ သိမ်းထားခဲ့တာ'

'ဟင်… ဘယ်သူ… ဘယ်သူ သောက်တာလဲ ဒါလီ'

'ကျောင်းကင်တင်းမှာ လာတုန်းက သောက်ပြီး အခွံ ကို စားပွဲပေါ်တင်ထားတာလေ၊ အဲဒီနေ့က သူ့အဖေ ရဲ့ဆိုက်ထဲ ဒါလီ့ကို ကားနဲ့ခေါ်သွားတဲ့နေ့လေ'

'ဟာ… ဒါလီရယ်'

'ဒါလီ့ဆီကို ဒီကိစ္စနဲ့ ရောက်လာမှာပဲ တွေးပြီး သိမ်း ထားတာကနေ ထုတ်ပြီး ပိုက်ဆံအိတ်ထဲ ထည့်ထား ခဲ့တာ ကိုညီ'

သည်အချိန်မှာတော့ သူတို့အတွေးထဲမှာ စိတ်ညစ်စရာ တွေက ခဏပျောက်ကွယ်နေသလိုပင်။

'ပြန်ကြရအောင်နော်'

သတိဝင်ရင်း သူ ပြောသည်။

ပိုက်ဆံရှင်းပြီး ကားပေါ်တက်ခါနီးမှာ…

'ကိုညီ ကြိုက်သလို ဆုံးဖြတ်ပါ၊ ကိုညီ ဘယ်လိုပဲ

ဆုံးဖြတ် ဆုံးဖြတ် နှလုံးသားတွေထဲမှာ ရှိနေတဲ့ မေတ္တာတရားကိုတော့ မထိခိုက်နိုင်ဘူးလို့ ဒါလီ ယုံပါတယ်'

သူ ဒါလီ့ကို ဘာမှပြန်မပြောမိတော့။

■



## (၁၀)

အိမ်ပြန်ရောက်တော့ သူ တော်တော်နှင့် အိပ်မပျော်။ ဒါလီ ပြောခဲ့သမျှ မေမေ့ကို ပြန်ပြောပြလိုက်တော့ မေမေက ငါ့သားတော့ ထောင်ကျမှာ သေချာပါပြီ ပြောပြီး ငိုတော့မလို ဖြစ်သည်။

ကျေးဇူးတရား

အမှန်တရား

သည်နှစ်ခုက သူ့ရင်ထဲမှာ လွန်ဆွဲပြီး ဗလောင်ဆူ ရပြီ။

စာအုပ်စင်ပေါ်က စာအုပ်တစ်အုပ်ကိုဆွဲယူပြီး ဟိုလှန် ဒီလှန် လုပ်၏။

ကိုယ်ကျင့်တရားနဲ့ အမှန်ကို ချစ်မြတ်နိုးခြင်း၊ အဲဒီနှစ်ခုနဲ့ပဲ လူ့တန်ဖိုးကို တိုင်းတာတယ်တဲ့။

သူ အင်မတန် လေးစားကြည်ညိုချစ်ခင်သော ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦး ပြောခဲ့သည့်စကား။

ထပ်တလဲလဲ စဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခုကို သူ ချလိုက်မိတော့သည်။

သူ အမှန်တရားဘက်မှ ရပ်တည်တော့မည်မို့ သူ့ကို သားအဖြစ်မှ ဖွန့်လွှတ်ရန် စာတစ်စောင်ရေးပြီး မေမေ တွေ့နိုင်သည့်နေရာမှာ ထားလိုက်သည်။ ပြီးတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်ပင် အိမ်ပေါ်မှ သူ ဆင်းလာခဲ့တော့၏။

*

"ကိုညီမှာတော့ ဖစ်ပိုမီးခြစ်တစ်လုံးပဲ ပါလာတယ် ဒါလီ၊ ဒါလီ သတ္တိရှိရင် ကိုယ်တို့ လက်ထပ်ကြရအောင်"

နောက်ရက်မှာတော့ သူ့ကို အမွေဖြတ်ကြောင်း ကြော်ငြာကို သတင်းစာတွေထဲမှာ တွေ့ရ၏။

■



[ အပိုင်း - လေး ]

## (၁)

'ဘာလဲ ညီ မဆာင်းဘူးလား'

ဒါလီက သည်လိုမေးမည်ကို သူ ကြိုတင်ခန့်မှန်းပြီးသား။

သက်ပြင်းကိုချရင်း အကြည့်ရောက်၏။

'ညီ မဆာင်းချင်တော့ဘူး ဒါလီ'

သူ့အသံက တိုးလျ အားလျော့နေလေသည်။

'သိပ်စိတ်မကောင်းဖြစ်နေလား ညီ'

သူ ဘာမျှပြန်မပြောမိ။ ဒီနေ့ ကိုကို့ကို ပြစ်ဒဏ်စီရင်ချက် ချမည့်နေ့ပဲ။ ဘယ်လိုမှ လွတ်လမ်းမမြင်။ အနည်းဆုံး ထောင်ဒဏ် သုံး၊ လေးနှစ်တော့ ကျမှာဟု သူ ထင်၏။

သည်လို ထောင်ကျနိုင်ဖို့အတွက် သူ့သက်သေထွက်ချက်တွေ က အဓိကပဲဆိုတာ နားလည်ရင်း ကျွမ်းမြိုက်ပူလောင်ရပြန်၏။

'ခဏဆင်းပါ ညီရယ်၊ အချုပ်ကားကလည်း ဒီအချိန် မရောက်သေးပါဘူး၊ ညီ့မေမေကလည်း အချုပ်ကား ရောက်ချိန်လောက်မှ ရောက်လာတတ်တာ'

သက်ပြင်းချလိုက်ရင်း ကားပေါ်မှဆင်းကာ အနီးဆုံး လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်သည်။

'ညီက ကိုကို့ကိုရော မေမေ့ကိုရော မကြည့်ရဲဘူး ဒါလီ၊ မကြည့်လည်း မကြည့်ချင်ဘူး၊ သူတို့အကြည့် တွေကိုလည်း ညီ ရင်မဆိုင်ရဲဘူး၊ သူတို့အကြည့်တွေ ထဲမှာ ညီ့ကို မုန်းတီးစိတ်၊ နာကြည်းစိတ်တွေ၊ ကိုက် ဆို အစိမ်းလိုက် ဝါးစားချင်တဲ့စိတ်တွေ ညီ တွေ့နေ ရတယ်'

'ညီရယ်··· ကိုယ်က မှန်တာကို လုပ်တာပဲ၊ မှန်တာ လုပ်လို့ ဘာတွေကိုပဲ စွန့်လွှတ်ရ၊ အမှန်တရားဘက် က ရပ်တည်နိုင်ခဲ့တာပဲဆိုတဲ့ စိတ်နဲ့ ဖြေစမ်းပါ





အမှန်တရားကို ချစ်တယ်ဆိုတာကို ပြခွင့်ရတာပဲလို့ ဂုဏ်ယူစမ်းပါ'

လာချပေးသော ရေနွေးအဖြူက ခွက်ထဲမှ အငွေ့ တထောင်းထောင်းထနေသည်။'

မသောက်မိသေးဘဲ ဘေးနားက ကော်ဖီမစ်ထုပ်ကို ကြည့်နေမိ၏။

'ညီ မသောက်ချင်တော့ဘူး ဒါလီရယ်၊ ညီ ပြန်ပါ ရစေတော့၊ အချုပ်ကား ရောက်လာမှာ ညီ စိုးရိမ် တယ်၊ အချုပ်ကားပေါ်က လက်ထိပ်တန်းလန်းနဲ့ ဆင်းလာတဲ့ ကိုကို့ကို ညီ မကြည့်ချင်ဘူး၊ ကိုကို့ ဘေးက ကပ်လိုက်ရင်း ငိုတော့မယ့် မေမေ့မျက်နှာ ကိုလည်း ကိုညီ မမြင်ရက်ဘူး'

'ထောင်က ထွက်လာရင်တော့ ကိုညီ့ကိုကို အသိ တစ်ခု ရလာမှာပါ'

'အင်း···'

'အဓမ္မဝါဒဟာ ဘယ်တော့မှ မအောင်နိုင်ဘူး၊ အမြဲ ရှုံးနိမ့်ရမှာပဲ ဆိုတာကိုလေ'

'ကိုညီ သွားတော့မယ်၊ လာမကြိုတော့ဘူးနော်
ကားငှားပြန်ခဲ့တော့'

စကားဖြတ်ပြောရင်း ထရပ်သည်။

ပြီးတော့ ကားဆီ သွက်သွက်လျှောက်ခဲ့၏။

■



(၂)

တရားရုံးမှ ဒါလီ ပြန်ရောက်လာပြီး ကိုကို့ကို ထောင် သုံးနှစ် အပြစ်ပေးလိုက်ကြောင်း ပြောသည်။ အမိန့်ကို ဖတ် အပြီးမှာ မေမေ မေ့လဲသွားသည် ပြောတော့ မေမေ့အတွက် ပူပန်မိသေးသည်။

'ကိုညီကိုကိုက တရားရုံးကအထွက်မှာ ဒါလီကို စူးစူးဝါးဝါးကြည့်သွားလိုက်တာ တော်တော်နာကြည်း မုန်းတီးနေမှာပဲ၊ ဟိုနေ့က ဒါလီ အတင်းရုန်းကန်ရင်း သူ့ကို ပြန်သတ်တော့ မိန်းမတွေဟာ ကောက်ကျစ် ယုတ်မာတယ်၊ မာယာများတယ်၊ ဒါကြောင့် မြစ်နဲ့ တူတာလို့ ပြောခဲ့တာ ပြန်သတိရပြီး ဒါလီက ရယ် ချင်နေးတယ် ကိုညီရဲ့'

သူက ဒါလိုဂ်ကို ဘာမှပြန်မပြောဘဲကြည့်ရင်း အတွေး
မှာ ကိုကို့ကို မြင်ယောင်နေမိပြန်သည်။

'ပြောခွင့်မရလို့ ပြောခွင့်ရရင် ပြောလိုက်ချင်သေး
တယ်၊ 'ကိုယ်ကျင့်တရား'နဲ့ 'ရဲရင့်ခြင်း'ဆိုတဲ့ ကမ်း
နစ်ဖက်ကြားက 'အမှန်တရား'ဆိုတဲ့ 'ပင်လယ်'ဆီ
ကို စီးဆင်းနေတဲ့ မြစ်တွေအများကြီး ရှိတယ်ဆိုတာ
ကို...'

သူ မြဒါလီ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေ
လိုက်မိသည်။

'ဘာကြည့်နေတာလဲ ကိုညီ'

အမှန်တရားကို မြတ်နိုးသဖြင့် ရဲရင့်နေသော မျက်နှာ
တရားခြင်းကို တွယ်မက်သဖြင့် ယုံကြည်ချက်ရှိနေသော
မျက်နှာ။

ထိုမျက်နှာ၏ ကျက်သရေကို သူ အသေအချာ တွေ့
မြင်နေရပြီပဲ။

မောင်စိန်ဝင်း(ပုတီးကုန်း